# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၉)ရက် ၊ စနေနေ့ ၊ (9-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatraနှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်တွင် မြို့ပြပုံစံငယ်များ ပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ချုံချင့်မြို့ရှိ စက်ရုံ၊အလုပ်ရုံများသို့ သွားရောက်လေ့လာသည်။

**Zhongyue Aviation UAV Firefighting–Drone Co.,Ltd.**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Zhongyue Aviation UAV Fire–fighting – Drone Co.,Ltd.သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ Found–er & Chairman ဖြစ်သူ Mr. CAO, Bingနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်

အယ်ဒီတာ့အာဘော်

# တရုတ်-မြန်မာ နှစ်နိုင်ငံကြား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေးဖိတ်ခေါ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ ထို့ကြောင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးနည်းစနစ်များနှင့်သွင်းအားစုများ လိုအပ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့်မွေးမြူရန်လိုအပ်ပေသည်။

**"မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများကိုအသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာအဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေးဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သဘာဝမြေသြဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်းရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်းရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကိုကူညီပေးရန်အသင့်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း"** နိုဝင်ဘာ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်မြို့ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်သော တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့်မြေအကျယ်အဝန်းရှိသကဲ့သို့ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပါသည်။ အလားတူ စိုက်ပျိုးရေးအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းကောင်းများလည်း ရှိပေသည်။

စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ်မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍမှ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားပေသည်။ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကိုရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ယခုထက်ပိုပြီးဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၅၇၀ စိုက်ပျိုးသွားမည်

**ပုသိမ် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၅၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၅၇၀ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းမြေပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ကန်ကြီးထောင့်မြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးနေပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်ပျိုးပါတယ်။ အခုဆောင်းသီးနှံစိုက်ပျိုးရာမှာ မြေပဲ ဧက ၁၅၇၀ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပေးထားပါတယ်။ မြေပဲအပါအဝင် ဆောင်းသီးနှံတွေအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့လုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ




**မန္တလေး နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၆)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရသည့် ဌာနဖြစ်ကြောင်း၊ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကိုအချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် အရှိန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်၊ ပြည်သူအတွက်ဝန်ထမ်းကောင်းများဖြစ်အောင် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာပြီး စေတနာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဝတ်စုံများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်/အောက်မြန်မာပြည်) တို့တွင် အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၇)နှင့်(၈)တို့၌ စစ်ရေးပြ ထူးချွန်ဆုရရှိသူများ၊ စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၂၄)နှင့်စီမံ(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)တို့၌ဆုရရှိခဲ့သည့်သင်တန်းသားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် တစ်နိုင်တစ်ပိုင်ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ခြေဦးလှည့်လာကြသဖြင့် ဈေးနှုန်းများမြင့်တက်လာပြီး မြို့နယ်တိုင်းရောင်းချလိုမှုများနေကာ အဝယ်နည်းနေကြောင်း မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများလျော့ကျလာခြင်းများကြောင့်ဖြစ်ပြီး လက်ရှိတွင် မြို့စွန်ရပ်ကွက်များနှင့်ကျေးရွာများထိ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း သိရသည်။

"ဈေးကွက်က လှုပ်လာတယ်ဆိုပေမဲ့ သိသိသာသာအရောင်းအဝယ်ဖြစ်တာမျိုးတော့ နည်းသေးတယ်။ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေနည်းပြီး အဆောက်အအုံ ဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့ နေရာတွေကတော့ စိတ်ဝင်စားမှုနည်းတယ်။ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးခံပြီး ပေါက်ဈေးထက် လျှော့ရောင်းတာတောင် အရောင်းအဝယ်ဖြစ်တာနည်းတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှအိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ငှားရမ်းမှု ဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဟု သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင် ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ နှင့်အထက်ဈေးရှိကြောင်း အိမ်ခြံမြေ ဝယ်ရောင်းများထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဝါးတန်းရပ်နေ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးသိန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးပြီးစီး



**တမူး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၁ ဧက၊ တမူးမြို့နယ်တွင်ဧက ၃၅၀ နှင့်ခါမ်းပါတ်မြို့နယ်တွင် ဧက ၃၈၀ စုစုပေါင်း ၂၄၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၁ ဧက၊ တမူးမြို့နယ်တွင် ဧက ၃၅၀ နှင့် ခါမ်းပါတ်မြို့နယ်တွင် ဧက ၃၈၀ စုစုပေါင်း ၂၄၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တန့်ယန်း နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟိုနားကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားနှစ်ပေ၊ သဲဖြူန်းအမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၆၀၀ ဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ တစ်လအတွင်း ရေဘဝဲပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ရေဘဝဲပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ ရေဘဝဲတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက ဝယ်ယူမှုများပြားနေတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာဖြစ်ပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၅၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၃၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ပိန်းဥနှင့် ပိန်းရွက် အပိုင်း(၁)

**ပိန်းဥ၏မူလဇာစ်မြစ်**

ပိန်းဥပင် (Taro) ၏ ရုက္ခဗေဒသိပ္ပံအမည်မှာ Colocasia Esculenta ဖြစ်ပြီး ကစီဓာတ်ကော်ရည်ပြည့်ဝသော အရသာစိမ့်သည့် အမြစ်ဥဟင်းသီးဟင်းရွက်ဖြစ်သည်။ ပိန်းဥသည် မြေကြီးထဲမှတူးယူရသော သဘာဝဆေးဖက်ဝင်ဥလည်းဖြစ်သည်။ ပိန်းဥမျိုးကို အရှင်နာဂသိန်ပုံပြဆေးအဘိဓာန်တွင် ဆေးဖက်ဝင်သဘာဝမှပေးသော မြေတွင်ဥသည့်သစ်ဥသစ်ဖုအဖြစ် မှတ်တမ်းပြုထားသည်ကို တွေ့ရပါသည်။ ပိန်းဥကို သက္ကတ၊ ဟိန္ဒူ၊ လက်တင်ဘာသာတို့ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြသော်လည်း မြန်မာတိုင်းရင်းသားလူမျိုးစုများ အများဆုံးသိသောအမည်မှာ ပိန်းဥသာဖြစ်သည်။ ပိန်းဥသည် အာလူးထက် အာဟာရဓာတ်အရည်အသွေးပိုမိုကောင်းမွန်သည်။ ပိန်းဥကို ဘီစီ ၅၀၀ ခန့်က အိန္ဒိယနိုင်ငံ၌ စတင်စိုက်ပျိုးခဲ့ရာမှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသများသို့ရောက်ရှိလာပြီး အနောက်အာဖရိကထိ ကျယ်ပြန့်စွာရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ပိန်းဥပင်၏မူလဇာစ်မြစ်သည် အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယတောင်ပိုင်းဟု ဆိုနိုင်သော်လည်း ယခုအခါကမ္ဘာတစ်ဝန်းရှိ နေရာဒေသအတော်များများတွင် ပိန်းဥကို စိုက်ပျိုးကြသည်။ ပိန်းဥသည် အာဖရိကနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့တွင် အဓိကစားသောက်ကုန်တစ်ခုဖြစ်နေသကဲ့သို့ ဂျပန်နိုင်ငံနှင့်အီဂျစ်နိုင်ငံတို့မှစ၍ အမေရိကန်နိုင်ငံ၊ ဖီဂျီနိုင်ငံနှင့် စပိန်နိုင်ငံတို့ထိ နေရာတိုင်းလိုလိုတွင် စားသုံးနေကြပါသည်။ ကမ္ဘာ့သမိုင်းတွင်လည်း ရှေးအီဂျစ်လူမျိုးစုများ၏ အဓိကအစားအစာအဖြစ် နေရာယူခဲ့ပြီး ရောမခေတ်ဦးက ဟင်းချက်စရာအဖြစ် အသုံးပြုသည့်အပြင် ပိန်းဥမှုန့်ဖြင့် အလှကုန်ပစ္စည်းများထုတ်လုပ်ကြသည်။

**မြန်မာနှင့်ပိန်းဥစားစရာပုံစံ**

မြန်မာလူမျိုးအများစုသည် ပိန်းဥကိုပြုတ်၍ သရေစာအဖြစ် ဆီ၊ ဆားတို့ဖြင့် တို့စားလေ့ရှိသကဲ့သို့ ပိန်းဥသီးသန့်သော်လည်းကောင်း၊ အသား၊ ငါး၊ ပုစွန်ဖြင့်ရော၍သော်လည်းကောင်း ချက်စားလေ့ရှိကြပြီး အရွက်စုံနှင့်ရောကာ ဟင်းချိုချက်သောက်ခြင်းကိုလည်းနှစ်သက်ကြသည်။ ပိန်းဥကို အလွယ်တကူစားသုံးနိုင်သည့် ပိန်းဥလက်ဖက်ရည်၊ ပိန်းဥကိတ်၊ ပိန်းဥအပြားကြော်၊ ပိန်းဥအချိုပွဲ၊ ပိန်းဥချိုချဉ်များအဖြစ် ပြင်ဆင်နိုင်ပြီး ဖွံ့ဖြိုးသည့်နိုင်ငံတချို့တွင် ပိန်းဥကို အမှုန့်ပြုလုပ်၍ ဟင်းခတ်မှုန့်၊ ရေခဲမုန့်သို့မဟုတ် မုန့်ချို၊ နို့မှုန့်အစားထိုး ပိန်းဥဖျော်ရည်ပြုလုပ်၍ အရသာရှိစွာစားသုံးကြသည်။ မြန်မာ့ရိုးရာအစားအစာပိန်းဥ၏အရသာမှာ အာလူးနှင့် ခပ်ဆင်ဆင်တူသောကြောင့် အပူပိုင်းဒေသစားသုံးသူများက ပိန်းဥကို အာလူးနှင့်တင်စားခေါ်ဝေါ်ကြသည်။ ပိန်းဥသည် တိုင်းရင်းသားလူမျိုးတို့၏ ကချင်ရိုးရာဟင်းလျာများတွင် အသုံးများသော သစ်ဥသစ်ဖုလည်းဖြစ်သည်။ ပိန်းဥသည် အရှေ့တောင်အာရှတွင် ပထမဆုံးစိုက်ပျိုးခဲ့သည့် ကမ္ဘာ့ရှေးအကျဆုံး စိုက်ပျိုးသီးနှံဖြစ်ပြီး ပိုလန်သဘော်သားများမှ အစားအစာအဖြစ် သယ်ဆောင်လာရင်း ကမ္ဘာတစ်ဝန်းလုံးတွင် ပျံ့နှံ့လာရခြင်းဖြစ်သည်။ အပူပိုင်းသီးနှံမျိုးဖြစ်သည့် ပိန်းဥသည် အာရှနိုင်ငံများတွင် အဓိကအချိုပွဲအဖြစ် ပါဝင်လာသည်။ ပိန်းဥ၏ အနှစ်သာရအပြည့်ဖြင့် စားသုံးနိုင်သော ကစီဓာတ်အပြည့်ပါသည့် အမြစ်ဥကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ပဓာနကျသော အစားအစာဖြစ်လာသည်။

**ပိန်းဥတွင်ပါဝင်သော အာဟာရဓာတ်များနှင့် သတ္တုဓာတ်များ**

ပိန်းဥတွင်အများဆုံးပါဝင်သော အာဟာရဓာတ်မှာ ရေငွေ့ဓာတ်(Moisture) ဖြစ်ပြီး ၆၉ ဒသမ ၉ ရာခိုင်နှုန်းပါဝင်သည်။ ဒုတိယအများဆုံးမှာ ကာဘိုဟိုက်ဒရိတ် ခေါ် ကစီဓာတ်ဖြစ်ပြီး ၂၇ ရာခိုင်နှုန်း ပါဝင်သည်။ ပိန်းဥတွင်ပါရှိသော အမျှင်ဓာတ်သည် အာလူးထက် သုံးဆပိုသဖြင့် ဗိုက်ပြည့်စေခြင်းဖြစ်သည်။ ပိန်းဥတွင် လူ့ခန္ဓာကိုယ်ကိုဘေးဥပဒ်ဖြစ်စေသော ကိုလက်စထရောပါဝင်မှုမရှိဘဲ အာဟာရဓာတ်များဖြစ်သည့် ဗီတာမင်A၊ ဗီတာမင်C၊ ဗီတာမင် E၊ ဗီတာမင်K၊ ဗီတာမင် B5၊ ဗီတာမင်B6၊ ဗီတာမင်B12၊ ကယ်လ်စီယမ်၊ သံ၊မဂ္ဂနီစီယမ်၊ မန်းဂနီးစ်၊ ဖော့စဖရတ်၊ ဇင့်နှင့်ဆိုဒီယမ်သတ္တုဓာတ်တို့အပြင် အမိုင်နိုအက်ဆစ် ၁၈ မျိုးနှင့် အဆီဓာတ်တို့ပါဝင်သည်။ USDA Data Base အရ ပိန်းဥ ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၁၁၂၊ ပရိုတင်း ၁ ဒသမ ၅၀ ဂရမ်၊ အဆီ ၀ ဒသမ ၂၀ ဂရမ်၊ ကာဗိုဟိုက်ဒရိတ် ၂၆ ဒသမ ၄၆ ဂရမ်၊ အမျှင်ဓာတ် ၄ ဒသမ ၁ ဂရမ်၊ ကယ်လ်စီယမ် ၄၃ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၃၃ မီလီဂရမ်၊ ပိုတက်စီယမ် ၅၉၁ မီလီဂရမ်၊ ဆိုဒီယမ် ၁၁ မီလီဂရမ်တို့ ပါဝင်သည်ဟု လေ့လာတွေ့ရှိရသည်။ ပိန်းဥ၏ထူးခြားချက်တစ်ခုအနေဖြင့် ၎င်းကို အပူပေးချက်ပြုတ်ပြီးသောအခါ ပါရှိသော ဗီတာမင် E သည် အခြားအသီးအနှံများနှင့်မတူ တစ်မူထူးခြားမြင့်မားစွာ ကျန်ရှိနေသည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

ပိန်းဥတွင် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရှိသဖြင့် စားသင့်သောအစားအစာတစ်ခုဖြစ်သည်။ ပိန်းဥတွင် အစာအိမ်နှင့်အူလမ်းကြောင်းကျန်းမာရေးအတွက် ကောင်းကျိုးပြုသောအမျှင်ဓာတ်ပါဝင်မှုမြင့်မား၍ ၎င်းသည် အူတွင်းလှုပ်ရှားမှုကိုကောင်းမွန်စေသည့်အတွက် အစာခြေဖျက်နိုင်စွမ်းပိုကောင်းစေကာဝမ်းမှန်စေသည်။ ထို့ပြင် လေပွခြင်း၊ လေလည်လွန်းခြင်း၊ ဗိုက်အောင့်ခြင်း၊ဝမ်းချုပ်ခြင်းနှင့်ဝမ်းပျက်ဝမ်းလျှောခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်ဟု ဆိုကြသည်။ အမျှင်ဓာတ်သည် ခန္ဓာကိုယ်တွင်း အင်ဆူလင်နှင့် ဂလူးကို့စ်ဓာတ်များထွက်ရှိမှုကို ထိန်းညှိပေးသောကြောင့် ဆီးချိုသွေးချိုဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်သည်။ ဆီးချိုရှိပြီးသားဖြစ်နေသော်လည်း အန္တရာယ်ရှိသည့်အဆင့်ထိ သကြားဓာတ်မြင့်တက်ခြင်း၊ ကျဆင်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ စားသုံးသောအာဟာရမှရရှိသော အမျှင်ဓာတ်ပါသောကြောင့်အစာခြေစနစ်ကိုအထောက်အပံ့ပေးခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်စေသည်။ အမျှင်ဓာတ်နှင့်ကစီဓာတ်ကြောင့် သွေးတွင်းသကြားဓာတ်ကို ပိုကောင်းစေသည်။ ထို့ပြင် သွေးတွင်းမှဆဲလ်များဆီသို့ သကြားပို့ဆောင်ရာတွင်အသုံးပြုသော ဟော်မုန်းဓာတ်တစ်မျိုးဖြစ်သည့် အင်ဆူလင်တုံ့ပြန်မှုကိုကောင်းမွန်စေသော ကစီဓာတ် ပါရှိသည်။

ပိန်းဥတွင် ဗီတာမင် C ကဲ့သို့သော ရောဂါခုခံစနစ်ကိုအားကောင်းစေပြီး ကော်လဂျင်ထုတ်လုပ်မှုကို အထောက်အကူပြုစေသည့် အာဟာရဓာတ်အမျိုး



မျိုးပါဝင်သည်။ ပိန်းဥသည် ကိုယ်ခံအားစနစ်ကို အားကောင်းစေသည့် ဗီတာမင် C ပါဝင်မှုမြင့်မားသည့်အတွက် သွေးဖြူဥဆဲလ်များ ပိုမိုဖြစ်ပေါ်စေရန် လှုံ့ဆော်ပေးပြီး ရောဂါဖြစ်စေမည့် ပြင်ပပိုးမွှားများကို ခုခံနိုင်သည့်သတ္တိရှိသည်။ ထို့ပြင် ခန္ဓာကိုယ်တွင်း ဓာတ်တိုးဆန့်ကျင်မှုများ လုပ်ဆောင်နိုင်သော ဒြပ်ပေါင်းများပါဝင်သဖြင့် နှလုံးရောဂါနှင့် ကင်ဆာရောဂါများမဖြစ်ပွားအောင် ကျန်းမာရေးအတွက် အရေးပါသောအကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ ဗီတာမင် A၊ ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်မှုမြင့်မားသောကြောင့် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးပြီး အန္တရာယ်ရှိသော ဖရီးရက်ဒီကယ်များကို ဖယ်ရှားရှင်းလင်းပေးမည်ဖြစ်သည်။ ပိန်းဥတွင် ဘီတာကယ်ရိုတင်းနှင့် ကရိုင်ကိုဇန်သင်ဓာတ်ပေါင်းအပါအဝင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း အမျိုးမျိုးပါဝင်ပြီး အဆိုပါဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အမြင်အာရုံဆဲလ်များကို Free Radicals များ၏ တိုက်ခိုက်မှုရန်မှကာကွယ်ပေးပြီး အမြင်အာရုံကို ကောင်းမွန်စေသည်။

ပိန်းဥတွင်ပါရှိသော ကရိုင်ကိုဇန်သင်သည် အဆုတ်ကင်ဆာနှင့် ခံတွင်းကင်ဆာဖြစ်နိုင်ခြေကို လျော့နည်းစေနိုင်သည်။ အသားအရေအတွက် ကောင်းကျိုးပေးသော ဗီတာမင် E နှင့် ဗီတာမင် A တို့ပါဝင်သောပိန်းဥသည် အသားအရေထိန်းသိမ်းနိုင်စွမ်းကို ပိုကောင်းစေသည်။ ၎င်းဗီတာမင်များသည် အရေပြားနှင့်ဆဲလ်များ၏ကျန်းမာရေးကို ကောင်းကျိုးပြုသည်။ အနာကျက်မြန်စေခြင်း၊ အမည်းစက်များ လျော့ပါးစေခြင်း၊ အရေးအကြောင်းများပြေပျောက်စေခြင်း၊ အသားအရေဝင်းလက်တောက်ပစေခြင်း စသည့်ရလဒ်များပေးနိုင်သည်။ တစ်နည်းအားဖြင့် ပိန်းဥသည် အသားအရေလှစေမည့်ဆေးစွမ်းကောင်းတစ်လက်ဖြစ်သည်။ ပိန်းဥတွင် ဗီတာမင် C၊ ဗီတာမင် B6 နှင့်ဗီတာမင်E တို့ပေါကြွယ်ဝမှုကြောင့် ကိုယ်ခံအားစနစ်ကို ထိန်းသိမ်းပေးနိုင်သကဲ့သို့ ဖရီးရက်ဒီကယ်များထွက်ခြင်းကို ထိန်းပေးနိုင်သည်။

**ဦးနှောက်နှင့်နှလုံးကျန်းမာရေးကိုကောင်းစေခြင်း**

ပိန်းဥတွင် သွေးထိန်းညှိပေးပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုသော ပိုတက်စီယမ် သိသာထင်ရှားစွာပါဝင်သည်။ ထို့ပြင် ကျန်းမာရေးစနစ်တစ်ခုလုံးကို ကောင်းမွန်စေသော မဂ္ဂနီစီယမ်နှင့် ဗီတာမင် E တို့ပါဝင်သည်။ ပိန်းဥတွင်ပါဝင်သည့် ပိုတက်စီယမ်ဓာတ်သည် သွေးကြောနှင့်နှလုံးသွေးကြောများကို ဖိစီးမှုပြေလျော့စေပြီး သွေးဖိအားကို လျော့ကျစေသောအခါ အာရုံကြောစနစ်၏လုပ်ဆောင်ချက်ကိုမြှင့်တင်ပေးသောကြောင့် ဦးနှောက်၏ လုပ်ဆောင်ချက်ကိုပိုကောင်းစေသည်။ ပိန်းဥတွင် ပါဝင်သောအာဟာရအချိုးသည် အာဟာရမျှတမှုကို ဖြစ်စေသည်။ ပိန်းဥတွင်ပါဝင်သော အကျိုးပြုသတ္တုဓာတ်များမှ သံဓာတ်နှင့် ကြေးနီသည် သွေးအားနည်းခြင်းကိုကာကွယ်ပေးပြီး သွေးလည်ပတ်မှုကိုကောင်းမွန်စေရန် အဓိကအကျိုးပြုခြင်းဖြစ်သည်။ ထိုဓာတ်နှစ်မျိုးစလုံးသည် သွေးနီဥဆဲလ်ထုတ်လုပ်မှုအတွက် အရေးပါသောကြောင့် သွေးအားကောင်းစေသည်။

**တိုင်းရင်းဆေးတွင်သုံးသောပိန်းဥ**

တိုင်းရင်းဆေးသမားတော်များက ရိုးရာပရဆေးများဖော်စပ်ရာတွင် ပိန်းဥကိုအသုံးပြုကြသည်။ ပိန်းဥသည်ကြေခဲ၏။ဆိမ့်၏။စပ်၏။ဝမ်းကိုရွှင်စေတတ်၏။ ကျိချွဲ၏။ ဖျား၍ ကိုယ်ရောင်သော အာမဝါတနာကို ဖြစ်စေတတ်ပြီး သည်းခြေကိုပျက်စေတတ်၏ဟုဆိုထားပါသည်။ သီတတေဇောဓာတ်စာ၊ အေးဆိမ့်၊ သီတပထဝီအလွတ်စားရန် ဓာတ်စာ၊ အရသာဆိမ့်၊ အကျိုးသွားလေသက်၊သွေးတက်ဟုဆိုထားကြသည်။ မြေမှာဥသောပိန်းဥ၏စွမ်းရည်မှာ လူသားများကို အကောင်းဆုံးအာဟာရအဖြစ် ပေးစွမ်းပြီးခွန်အားကို ဖြစ်စေသည်။ သလိပ်ကိုပယ်သတ်သည်။ ဆီနှင့်ကြော်စားလျှင်နှုတ်မြိန်စေသည်။ သုက်သွေးကိုပျစ်ခဲစေပြီး လေကိုပွားစေသည်။ ချောင်းဆိုးရောဂါကိုပြေပျောက်စေသည်။ အစာကြေညက်လွယ်ပြီး အသည်းရောဂါကို ကာကွယ်နိုင်သည်။ အဖုအပိမ့်ထွက်တတ်သောလူနာများအတွက် ပိန်းဥသည်ဆေးကောင်းတစ်လက်အဖြစ် အသုံးဝင်သည်။ ဆီးချိုရောဂါ၊ ခုခံအားကျဆင်းရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါတို့မဖြစ်ပွားစေရန် ပိန်းဥက ကာကွယ်နိုင်သည်။ လူ့ခန္ဓာကိုယ်ရှိ သွေးတွင်းမှ သကြားဓာတ်ကို လျှော့ချနိုင်သည်။ ကရိုတင်း၊ ကရိုင်ကိုဇန်သင်ဓာတ်ပေါင်းပါဝင်၍ အဆုတ်၊ နှလုံးကြွက်သား၊ ကင်ဆာ၊ အရေပြား၊ ခံတွင်းကင်ဆာရောဂါများမဖြစ်ပွားစေရန် ကာကွယ်နိုင်သည်။ ခန္ဓာကိုယ်ရှိ ဆဲလ်များ၊ အရည်ကြည်အိတ်များကို သက်တမ်းရှည်စေသည်။ အမြင်အာရုံကိုစူးရှစေသည်။ လူသားတို့အတွက် လိုအပ်သောအာဟာရဓာတ်များကို ပိန်းဥကပေးနိုင်သည်ဟု မှတ်သားရပါသည်။

**ဒေါက်တာလပြည့်ခင်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၁၈၀ စိုက်ပျိုးပြီးစီး



**ထီးချိုင့် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့် မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၁၈၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၈၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် သီးနှံစုံ ဧက ၂၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ပြီး ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီ၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့်စိုက်ပျိုးရေးနှင့် စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံများဖြစ်စေရန်အတွက် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကတိုက်ကလေးကျေးရွာ၌ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Myanmar Citizens Pay နှင့် ပူးပေါင်း၍ Manual Cash-Based စနစ်အစား Mobile Financial Paymentစနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၃ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ်သန်း ၂၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

## ဆန္ဒပြင်းထန် ဇွဲစိတ်သန်သော်

- ဖြစ်ချင်ရာ ဆန္ဒတစ်ခု
  သင် ယခုကြိုးစားပါ၊
  ဒုက္ခရယ် အခက်အခဲ
  ကြုံမြဲမမ္ဘတာ၊
  နောက်မဆုတ် ရှေ့သို့သာ
  မကြာမကြာ ကြိုးစားမြဲ၊
  ဝီရိယ အားမာန်ထုတ်
  ကျားကုတ်ကျားခဲ။

- မလျော့ပါ သတ္တိဇွဲနဲ့
  ဉာဏ်ကိုတွဲ အတူယှဉ်၊
  အချိန်ကို မဖြုန်းတီး
  ရင်နှီးလျက်ပင်၊
  ရိုးသားလို့ ကြိုးစားအစဉ်
  အောင်မြင်သူ ဖြစ်ဖို့တွေး၊
  မိမိကိုယ် ယုံကြည်ချက်နဲ့
  ရှေ့ဆက်မယ်လေး။

- ဆန္ဒကို ပြင်းပြပေး
  ဇွဲစိတ်မွေး အစဉ်တကယ်၊
  အမှားအမှန် ကြောင်းကျိုးကြည့်
  ကောင်းဆိုးသိမယ်၊
  ရည်မှန်းချက် ပန်းတိုင်ရယ်
  ရောက်အောင်ကွယ် ကြိုးစား၊
  ဆန္ဒကို အရင်းခံတော့
  ဇွဲစိတ်သန် ထိုခရီး
  နီးအံ့တကား။ ။

**ချစ်သက်(မြန်မာစာ)**


COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## ကျူဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲ၌ တရုတ်လေတပ်မှ ဂျေ-၃၅ အေ လေယာဉ်များပါဝင်ပြသမည်

**ပေကျင်း နိုဝင်ဘာ ၈**

လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည့် တရုတ်နိုင်ငံ၏ အကြီးဆုံးလေကြောင်းပြပွဲ၌ တရုတ်လေတပ်မှဂျေ-၃၅အေအမျိုးအစား ဂျက်တိုက်လေယာဉ်သစ်များ ပထမဆုံးအကြိမ် ပါဝင်ပျံသန်းသရုပ်ပြမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတကာလေကြောင်းနှင့် အာကာသနည်းပညာပြပွဲအမည်ရှိ အဆိုပါလေကြောင်းပြပွဲကိုတရုတ်နိုင်ငံတောင်ပိုင်း ကျူဟိုင်းမြို့၌ နိုဝင်ဘာ ၁၂ ရက်မှစ၍ ခြောက်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ကျူဟိုင်းလေကြောင်းပြပွဲတွင် တရုတ်လေတပ်၏ ဂျေ-၃၅ အေ တိုက်လေယာဉ်များကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းပြသမည်ဖြစ်သည်။

ဂျေ-၃၅အေ တိုက်လေယာဉ်များသည် ရေဒါထောက်လှမ်းမှုကို ရှောင်ရှားနိုင်သော တိုက်လေယာဉ်အမျိုးအစားဖြစ်သည်။

ကျူဟိုင်း နိုင်ငံတကာ လေကြောင်းပြပွဲတွင် ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီနှင့် ဘရာဇီးအခြေစိုက် အမ်ဘရေယာကုမ္ပဏီတို့မှ လေယာဉ်များလည်း ပါဝင်မည်ဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းကုမ္ပဏီအနေဖြင့် ယခုနှစ်ကျူဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲ၌ ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## တောင်ကိုရီးယားနိုင်ငံ ဂျီဂျူးကျွန်းကမ်းလွန်၌ ငါးဖမ်းသင်္ဘောနစ်မြုပ်မှုကြောင့် နှစ်ဦးသေဆုံး

**ဆိုးလ် နိုဝင်ဘာ ၈**

တောင်ကိုရီးယားနိုင်ငံ ဂျီဂျူးကျွန်း ကမ်းရိုးတန်းကမ်းလွန်၌ ယနေ့တွင် ငါးဖမ်းသင်္ဘောတစ်စီး တိမ်းမှောက်နစ်မြုပ်ခဲ့ရာ အနည်းဆုံး နှစ်ဦး သေဆုံး၍ ၁၂ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ရေယာဉ် တိမ်းမှောက်နစ်မြုပ်စဉ် အနီးအနားရှိ ငါးဖမ်းသင်္ဘောများက နစ်မြုပ်ရေယာဉ်ပေါ်မှ သင်္ဘောသား ၁၅ ဦးကို ရေထဲမှကယ်တင်နိုင်ခဲ့သည်ဟု တောင်ကိုရီးယား ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

သို့ရာတွင် ရေထဲမှကယ်ဆယ်နိုင်ခဲ့သော ငါးဖမ်းသင်္ဘောဝန်ထမ်း ၁၅ ဦးအနက် နှစ်ဦးမှာ နောက်ပိုင်းတွင် သေဆုံးခဲ့ရသည်။

တိမ်းမှောက် နစ်မြုပ်ခဲ့သည့် ငါးဖမ်းသင်္ဘောသည် တောင်ကိုရီးယားနိုင်ငံသား ၁၆ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၁၁ ဦးတို့လိုက်ပါသွားသည့် ၁၂၉ တန်ရှိ ငါးဖမ်းရေယာဉ်ဖြစ်သည်။

အဆိုပါငါးဖမ်းရေယာဉ်သည် ဂျီဂျူးကျွန်း အနောက်မြောက်ဘက် ၁၃ မိုင်ခန့်အကွာ ရေပြင်အတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယား ကမ်းခြေစောင့်တပ်က ပျောက်ဆုံးနေသူ ၁၂ ဦးကို ရှာဖွေနေကြဆဲဖြစ်သည်ဟု တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ရွေးကောက်ပွဲအနိုင်ရ ရီပတ်ဘလီကန်သမ္မတလောင်းဒေါ်နယ်ထရန့်ကို ရုရှားသမ္မတပူတင် ဂုဏ်ပြုစကားပြောကြား




**မော်စကို နိုဝင်ဘာ ၈**

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရန့်ကို ရုရှားသမ္မတပူတင်က နိုဝင်ဘာ ၇ ရက်တွင် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း ပင်ဆယ်ဗေးနီးယား ပြည်နယ် ဘတ္တလာမြို့၌ ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်လုပ်ကြံမှုအတွင်း ဒေါ်နယ်ထရန့်အနေဖြင့် ယောကျ်ားပီပီသသတုံ့ပြန်ခဲ့ကြောင်း သမ္မတပူတင်က ဆိုချီမြို့၌ ကျင်းပခဲ့သော အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားအစိုးရအနေဖြင့် ရွေးကောက်ပွဲအနိုင်ရ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်နှင့် ဆွေးနွေးရန်လည်း အသင့်ရှိကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှားသမ္မတသည် အမေရိကန်သမ္မတရွေးကောက်ပွဲ ပြီးဆုံးပြီးနောက်ဒေါ်နယ်ထရန့်၏အနိုင်ရလဒ်နှင့်ပတ်သက်၍ ၎င်း၏သဘောထားကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟားရစ်ကို အနိုင်ရခဲ့သည်။

ဒေါ်နယ်ထရန့်အနေဖြင့် သမ္မတရွေးကောက်ပွဲအနိုင်ရခဲ့ပါက ရုရှားနှင့် ယူကရိန်းကြားဖြစ်ပွားနေ သည့် စစ်ပွဲကို ၂၄ နာရီအတွင်း ရပ်တန့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**Ref : RT**

**Trs : KKO**

## အလုပ်သမားများ၏ အနိမ့်ဆုံးတစ်ရက်လုပ်ခကို လာမည့်နှစ်တွင် ဘတ် ၄၀၀ ထိ ထိုင်းနိုင်ငံမြှင့်တင်မည်

**ဗန်ကောက် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံအနေဖြင့် အလုပ်သမားများ၏အနိမ့်ဆုံးတစ်ရက်စာလုပ်အားခကို ဘတ် ၄၀၀ (အမေရိကန်ဒေါ်လာ၁၁ဒသမ၇၆ဒေါ်လာ) ထိ လာမည့်နှစ်မှစ၍ တိုးမြှင့်ပေးရန်စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အလုပ်သမားများ၏ နေ့စဉ်အနိမ့်ဆုံးလုပ်ခလစာကို ဘတ်ငွေ ၄၀၀ထိ တိုးပေးမည့်အစီအစဉ်အား ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ပီပက်ရက်ချာကစ်ပရာကန်းကယနေ့တွင် အတည်ပြုကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံ၌ အလုပ်သမားတစ်ဦး၏ နေ့စဉ် အနိမ့်ဆုံးလုပ်ခလစာမှာ ဘတ်ငွေ ၃၃၀နှင့် ၃၇၀ ကြားတွင် ရှိကြောင်း သိရသည်။

အလုပ်သမားများ၏အနိမ့်ဆုံး နေ့စဉ်လုပ်ခကို မြှင့်တင်ပေးရေးသည် လက်ရှိအာဏာရ ပွေ့ထိုင်းပါတီ၏ရွေးကောက်ပွဲကတိကဝတ်တစ်ခုဖြစ်သည်။

အလုပ်သမားများ၏အနိမ့်ဆုံး နေ့စဉ်လုပ်ခကို ၂၀၂၇ ခုနှစ် အရောက်တွင် ဘတ် ၆၀၀ထိ တိုးပေးမည်ဖြစ်ကြောင်း ပွေ့ထိုင်းပါတီက ကတိပေးထားသည်။

လာမည့်နှစ်တွင် စတင်မည့် အလုပ်သမားများ၏ နေ့စဉ်လုပ်ခတိုးမြှင့်မှုအစီအစဉ်တွင် အလုပ်သမားအင်အား ၂၀၀ အထက်ရှိသည့် စီးပွားရေးလုပ်ငန်းများ အကျုံးဝင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ယခုနှစ်အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏမြင့်တက်လာ

**ပေကျင်း နိုဝင်ဘာ ၈**

ယခုနှစ် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ယမန်နှစ်အောက်တိုဘာလကထက် ၁၂ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း နိုဝင်ဘာ ၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ယခုနှစ်အောက်တိုဘာလ ပြည်ပပို့ကုန်တန်ဖိုး မြင့်တက်လာမှုသည် နှစ်နှစ်ကျော်ကြာကာလအတွင်း လအလိုက် အမြင့်ဆုံးနှုန်းဖြစ်ကြောင်း တရုတ်အစိုးရက နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်ထားသောစာရင်းဇယားများ၌ ဖော်ပြထားသည်။



အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရန့် အနိုင်ရခဲ့ပြီး တစ်ရက်အကြာတွင် တရုတ်အစိုးရက အောက်တိုဘာလ ပို့ကုန်ကဏ္ဍကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလ ပို့ကုန်ကဏ္ဍတန်ဖိုးမြင့်တက်လာမှုနှင့်အတူ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေမှာလည်း အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၇ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလ ပို့ကုန်ကဏ္ဍ အားကောင်းလာမှုသည် ပြည်ပဈေးကွက်များ၌ တရုတ်ထုတ်ကုန်များဝယ်လိုအားကောင်းနေသည့်သဘောကို ပြသနေကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

တရုတ်ပို့ကုန်များကို ရာခိုင်နှုန်း ၆၀ ထိ အခွန်စည်းကြပ်မှု မြှင့်တင်မည်ဖြစ်ကြောင်း ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က ပြောကြားထားသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက ဆိုယုဇ်-၂.၁ ဘီ ဒုံးပျံဖြင့် ဂြိုဟ်တုငယ် ၅၃ စင်းကို လွှတ်တင်ပေးခဲ့



**မော်စကို နိုဝင်ဘာ ၈**

ရုရှား အာကာသအေဂျင်စီသည် နိုဝင်ဘာ ၅ ရက်တွင် ဆိုယုဇ်-၂.၁ ဘီ ဒုံးပျံဖြင့် ဂြိုဟ်တုငယ် ၅၃ စင်းကို လွှတ်တင်ပေးခဲ့ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ဂြိုဟ်တုငယ် ၅၃ စင်း သယ်ဆောင်ထားသည့် ဆိုယုဇ်-၂.၁ ဘီ ဒုံးပျံကို ရုရှားနိုင်ငံအရှေ့ဖျား ဗော့စတော့ချ်နီ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက် မစ်ရှင်သည် ရုရှားနိုင်ငံအတွက် တစ်ကြိမ်တည်းဖြင့် ဂြိုဟ်တုစင်းရေ အများဆုံး လွှတ်တင်မှုစံချိန်ကို တင်နိုင်ခဲ့သည်ဟု ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဒုံးပျံမစ်ရှင် တစ်ခုတည်းဖြင့် ဂြိုဟ်တုစင်းရေ အများဆုံးလွှတ်တင်နိုင်မှု ကမ္ဘာ့စံချိန်တင်ထားသူမှာ အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီဖြစ်သည်။

Space-X ကုမ္ပဏီသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တုစင်းရေ ၁၄၃ စင်း လွှတ်တင်ခဲ့ဖူးကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်မစ်ရှင်သည် ရုရှား အာကာသအေဂျင်စီအတွက် ယခုနှစ်၏ ၁၃ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## အင်္ဂါဂြိုဟ် ရှေးဟောင်းသမုဒ္ဒရာတစ်စင်း၏ ကမ်းရိုးတန်းဘူမိလက္ခဏာများကို ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်က ရှာဖွေတွေ့ရှိထား

**ပေကျင်း နိုဝင်ဘာ ၈**

တရုတ်အာကာသအေဂျင်စီ၏ ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ရှေးဟောင်း သမုဒ္ဒရာတစ်စင်း၏ ကမ်းရိုးတန်းဘူမိလက္ခဏာများကို ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်ရှေးဟောင်းသမုဒ္ဒရာ ကမ်းရိုးတန်းမျဉ်း ဘူမိအထောက်အထားများကို ယူတိုပီးယားပလန်နီးရှား လွင်ပြင်ဒေသ၌ ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သမုဒ္ဒရာရေပြင်သည် ယူတိုပီးယားပလန်နီးရှားနယ်မြေ၌ လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၆၈ ဘီလီယံခန့်ကရှိခဲ့ပြီး နှောင် နှစ်ပေါင်း သန်း ၂၆၀ ကျော် အကြာတွင် အေးခဲကွယ်ပျောက်သွားခဲ့ရဖွယ်ရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက ယူဆထားသည်။



ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်မှ ရရှိသည့် သတင်းအချက်အလက်များအပြင် တီယန်ဝန်-၁ အင်္ဂါဂြိုဟ်ပတ်ယာဉ်၊ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်္ဂါဂြိုဟ် ကင်းထောက်အာကာသယာဉ်တို့မှ ရရှိသည့်သတင်းအချက်အလက်များကလည်း အဆိုပါ သမုဒ္ဒရာတည်ရှိခဲ့မှုကို သက်သေပြနေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်တွင် ယူတိုပီးယားပလန်နီးရှား လွင်ပြင်ဒေသသို့ဆင်းသက်၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်သည် ယူတိုပီးယားပလန်နီးရှား လွင်ပြင်ဒေသကို ၂၀၂၂ ခုနှစ် မေလထိ စူးစမ်းလေ့လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် နိုဝင်ဘာ ၇ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်ဟု Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုစင်းရေ ၇၀၀၀ ကျော် လွှတ်တင်ထားပြီး အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၇၀၀၀ ကျော်အနက် ၆၅၀၀ တို့မှာ လုပ်ငန်းလည်ပတ်နေသော ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နေ့လယ်ပိုင်းအလွန်အကျွံအိပ်ငိုက်တတ်သည့် သက်ကြီးပိုင်းများ Dementia ဖြစ်နိုင်ခြေ ရှိလာနိုင်

**နယူးယောက် နိုဝင်ဘာ ၈**

နေ့လယ်ပိုင်း၌ အလွန်အကျွံ အိပ်ငိုက်နေတတ်သည့် သက်ကြီးပိုင်းများတွင် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ရှိလာနိုင်ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့လယ်ပိုင်း အလွန်အကျွံ အိပ်ငိုက်နေတတ်သည့် သက်ကြီးပိုင်းများတွင် Motoric Cognitive Risk Syndrome ခေါ် ပြဿနာတစ်မျိုး ပေါ်လာတတ်ကြောင်း သိရသည်။

Motoric Cognitive Risk Syndrome ပြဿနာသည် Dementia ရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်ရပ် ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါပြဿနာ ခံစားနေရသည့် သက်ကြီးပိုင်းများသည် Dementia ရောဂါ မရှိသေးဘဲ သို့မဟုတ် သွားလာလှုပ်ရှားနိုင်စွမ်းနှင့် ပတ်သက်သည့်ပြဿနာများ မရှိဘဲ လမ်းလျှောက်ရာတွင် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်ခြင်း၊ မှတ်ဉာဏ် ချို့ယွင်းခြင်းများ ခံစားရတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့ကာလအိပ်ငိုက်မှုပြဿနာသည် Motoric Cognitive Risk Syndrome ပြဿနာနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## အိမ်ထောင်မရှိသည့်တစ်ကိုယ်တည်းသမားများ၌ စိတ်ကျရောဂါလက္ခဏာများပေါ်နိုင်ခြေမြင့်မား

**ပေကျင်း နိုဝင်ဘာ ၈**

အိမ်ထောင်မရှိသည့် တစ်ကိုယ်တည်းသမားများသည် အိမ်ထောင်သည်များနှင့်နှိုင်းယှဉ်ပါက စိတ်ကျရောဂါလက္ခဏာများ ပေါ်လာနိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ မကာအိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ တစ်ကိုယ်တည်းသမားများ၌ စိတ်ကျရောဂါလက္ခဏာများ ပေါ်လာမှုနှုန်းသည် အမျိုးသားများနှင့် ပညာရည်မြင့်မားသူများကြား ပို၍မြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ကိုယ်တည်းသမားများသည် အိမ်ထောင်သည်များနှင့်နှိုင်းယှဉ်ပါက စိတ်ကျရောဂါလက္ခဏာများ ပေါ်ထွက်နိုင်ခြေ ၇၉ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်သည် စိတ်ကျန်းမာရေးပြဿနာပေါ်နိုင်ခြေမြင့်မားမှုများကို ခွဲထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

လူမှုဆက်ဆံရေးအရ အကူအညီ ပို၍ရရှိမှုကြောင့် အိမ်ထောင်သည်များကြား စိတ်ကျရောဂါလက္ခဏာများပေါ်ထွက်မှုနှုန်း နည်းပါးခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို ဆန်းစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်လက်ရွေးစင်အသင်းမှ အမ်ဘက်ပီကို ချန်လှပ်ခဲ့ကြောင်း နည်းပြဒက်ချမ့်ပြောကြား

ပဲရစ် နိုဝင်ဘာ ၈

ပြင်သစ်အသင်း နည်းပြ ဒက်ချမ့်က နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် ကစားရမည့် အစ္စရေးအသင်းနှင့် အီတလီအသင်းတို့ ပွဲစဉ်အတွက် ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် အမ်ဘက်ပီကို ချန်လှပ်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

တိုက်စစ်မှူး အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ပြီး ပုံမှန်ခြေစွမ်းပိုင်းရရှိရန် ရုန်းကန်နေရသဖြင့် နည်းပြဒက်ချမ့်က ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်၍ လာမည့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်းကစားရမည့် ပြိုင်ပွဲများတွင် အမ်ဘက်ပီကို အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြဒက်ချမ့်က “အမ်ဘက်ပီကို အသင်းလူစာရင်းက ထုတ်ပယ်ခဲ့တာ အကြောင်းအရာတစ်ခု မဟုတ်ပါဘူး။ သူဟာ ပြင်သစ်တစ်သင်းလုံးထဲက အစိတ်အပိုင်းတစ်ခုပဲဖြစ်ပါတယ်။ အသင်းမှာရှိတဲ့ ကစားသမားတိုင်းကလဲ အစွမ်းအစကိုယ်စီ ရှိကြပါတယ်” ဟု သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ ဒက်ချမ့်ထုတ်ပြန်ခဲ့သည့် ပြင်သစ်အသင်း ကစားသမားစာရင်းတွင် ဂိုးသမားအဖြစ် ချီဗာလီယာ၊ ဆမ်ဘာ၊ မိုင်ဂနန်၊ ခံစစ်ပိုင်းတွင် ကလောက်၊ ဒင်ဂီ၊ ဖိုဖန်နာ၊ ဟာနန်ဒက်ဇ်၊ ကွန်နာတီ၊ ခွန်ဒီ၊ ဆာလီဘာ၊ အူပါမီကာနို၊ ကွင်းလယ်တွင် ကာမာဗင်ဂါ၊ ဂန်ဒိုဇီ၊ ကန်တီ၊ ရာဘီယို့စ်၊ ဇိုင်ရီအမ်မရီ၊ တိုက်စစ်ပိုင်းတွင် ဘာကိုလာ၊ အိုလီဆီ၊ မူအာနီ၊ အန်ကူကူ၊ ဒမ်ဘီလီနှင့် သူရမ်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : 90min

Trs : ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက်၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို လာမည့် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီကအတိုင်း မဟုတ်ဘဲ ပြောင်းလဲခဲ့ပြီး နှစ်ကျော့ကစားသည့် စနစ်မှ သုံးကျော့ကစားသည့် စနစ်ဖြင့် ပြောင်းလဲကျင်းပခဲ့ကာ ISPE အသင်းက ပြိုင်ပွဲမပြီးဆုံးမီကတည်းက ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နောက်ဆုံးပွဲစဉ်မတိုင်မီ ၁၇ ပွဲကစားခဲ့ရာ ၁၅ ပွဲနိုင်၊ နှစ်ပွဲသရေရလဒ် ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၄၇ မှတ်ဖြင့် ချန်ပီယံဆု ဆွတ်ခူးထားနိုင်ခဲ့ပြီး ဖြစ်ကာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ခြင်းမရှိပါက ရှုံးပွဲမရှိဘဲ ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ISPE အသင်းနောက်၌ ရန်ကုန်ယူနိုက်တက် အသင်းကလည်း ၁၇ ပွဲကစားပြီးချိန်တွင် ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၉ မှတ်ဖြင့် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ဒုတိယဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်းအတိုအထွာများ

- တူကီယဲထိပ်တန်းကလပ် အသင်းဖြစ်သည့် ဂါလာတာစာရေးအသင်းက အသင်းမှ အဓိကတိုက်စစ် ကစားသမားတစ်ဦးဖြစ်သည့် အီကာဒီအနေဖြင့် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီတစ်ခုလုံး လွဲချော်သွားရမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။
- ရင်းနက်အသင်းသည် ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် တန်းတက်အော့ဇေးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြစတက်ဖန်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ML

# အောက်တိုဘာလ တစ်လတာအကောင်းဆုံးကစားသမားဆုများကို နော်တင်ဟမ်အသင်းမှ နည်းပြ ဆန်းတိုစ်နှင့် ခရစ်ဝုဒ်တို့ဆွတ်ခူး



လန်ဒန် နိုဝင်ဘာ ၈

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဆုဖြစ်သည့် အောက်တိုဘာလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုများကို နော်တင်ဟမ်အသင်းမှ နည်းပြဆန်းတိုစ်နှင့် တိုက်စစ်ကစားသမား ခရစ်ဝုဒ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုရရှိခဲ့သည့် ခရစ်ဝုဒ်သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်သုံးပွဲတွင် ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးနှင့် လက်စတာအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ဆန်ခါတင်ကစားသမားစာရင်းတွင်ပါဝင်ခဲ့သည့် ကစားသမားများကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြဆန်းတိုစ်သည်လည်း နော်တင်ဟမ်အသင်းကို အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ပဲလေ့စ်အသင်းနှင့် လက်စတာအသင်းတို့ပွဲစဉ်များတွင် အနိုင်ရရှိခဲ့ပြီး ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အောက်တိုဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ဘာဘိုရာ အနိုင်ရရှိ



ရီယာ့ဒ် နိုဝင်ဘာ ၈

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ် တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် ဘာဘိုရာနှင့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာဘိုရာက (၇-၅၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာဘိုရာနှင့် ကိုကိုဂတ်ဖ်တို့၏ပွဲစဉ်သည် အုပ်စုတွင်းအတွက် အရေးကြီးသည့် ပွဲစဉ်တစ်ပွဲဖြစ်ပြီး ကိုကိုဂတ်ဖ်သာ အနိုင်ရရှိခဲ့ပါက စဝီယာတက်ခ်နှင့် ပီဂူလာတို့ပွဲစဉ်မှ အနိုင်ရရှိသူက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

သို့သော်လည်း ဘာဘိုရာက အနိုင်ရသွားခဲ့သည့် အတွက် စဝီယာတက်ခ်တို့၏ပွဲစဉ် ယှဉ်ပြိုင်ကစားစရာမလိုတော့ဘဲ ကိုကိုဂတ်ဖ်နှင့် ဘာဘိုရာတို့က ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့သည်။

ကိုကိုဂတ်ဖ် အနေဖြင့်လည်း ဘာဘိုရာအား ရှုံးနိမ့်ခဲ့ခြင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာဖြစ်ခဲ့ပြီး စဝီယာတက်ခ်အား ဆီမီးဖိုင်နယ်အဆင့်သို့ မတက်ရောက်စေလိုသည့် သဘောမျိုး သက်ရောက်စေခဲ့သည်။

ဘာဘိုရာက “ကျွန်မအတွက် ကြီးကျယ်ခမ်းနားတဲ့ နိုင်ပွဲတစ်ပွဲပါ။ ကိုကိုဂတ်ဖ်လို လက်ရှိအကောင်းဆုံး ကစားသမားစာရင်းဝင် ပြိုင်ဘက်ကိုအနိုင်ရရှိတာရယ်၊ အကောင်းဆုံးတင်းနစ်ကစားသမားတွေနဲ့ တစ်အုပ်စုတည်းကျရောက်ပြီး ကျွန်မအနေနဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တာဟာ တကယ့်ကို ဂုဏ်ယူစရာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ အကောင်းဆုံး လုပ်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် ဘာဘိုရာသည် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး အခြားသော ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကိုကိုဂတ်ဖ်က ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့်အသင်းအဖြစ် ချဲလ်ဆီးအသင်း မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၈

ချဲလ်ဆီးအသင်းသည် ကွန်ဖရင့်လိဂ် အုပ်စုပွဲစဉ်အဖြစ် နိုအာအသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ယူရိုပါလိဂ်သမိုင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခင်က ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် နော့ဂျေးလန်အသင်းက လူဒိုဂိုရက်စ်အသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်သည် ဂိုးအများဆုံးသွင်းယူနိုင်သည့်ပွဲစဉ်အဖြစ် ရပ်တည်နေသော်လည်း ယခုအခါ ချဲလ်ဆီးအသင်းက နိုအာအသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နော့ဂျေးလန်အသင်း၏ စံချိန်ကိုကျော်ဖြတ်၍ မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ချဲလ်ဆီးအသင်းသည် အာမေးနီးယားကလပ် နိုအာအသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သောကြောင့် ပွဲချိန် ၁၂ မိနစ်တွင် အဒါယာဘီအိုယို၊ ပွဲချိန် ၁၃ မိနစ်တွင် ဂူယူ၊ ပွဲချိန် ၁၈ မိနစ်တွင် ဒီဆာစီ၊ ပွဲချိန် ၂၁ မိနစ်နှင့် ၄၁ မိနစ်တွင် ဂျာအိုဖီးလစ်၊ ပွဲချိန် ၃၉ မိနစ်တွင် မူဒရစ်တို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းတွင် ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှု အသားပေး၍ ပြိုင်ပွဲကို ထိန်းချုပ်ခဲ့သဖြင့် ပွဲချိန် ၆၉ မိနစ်နှင့် ၇၆ မိနစ်တွင် အန်ကူကူက ဦးဆောင်ဂိုးများ ထပ်မံ သွင်းယူခဲ့သောကြောင့် ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ဥရောပပြိုင်ပွဲတွင် ဂိုးပြတ်အနိုင်ရသည့် ပထမဆုံးပွဲစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က လေယာဉ်တင်သင်္ဘောပေါ်တွင် တင်ဆောင်အသုံးပြုရန် MQ-9B STOL မျိုးကွဲ မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသ



အမေရိကန်နိုင်ငံ General Atomics Aeronautical Systems, Inc.(GAASI) ကုမ္ပဏီသည် Euronaval 2024ပြပွဲ၌ USS Gerald R. Ford လေယာဉ်တင်သင်္ဘောပေါ်တွင် တင်ဆောင်အသုံးပြုရန်ပြေးလမ်းတို ဆင်းသက်ပျံသန်းနိုင်သော MQ-9B Short Take off and Landing (STOL) မျိုးကွဲ မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံထုတ် MQ-9B STOL မောင်းသူမဲ့လေယာဉ်သည် MQ-9B Sky-Guardian® နှင့် SeaGuardian®တို့၏ မျိုးကွဲတစ်ခုဖြစ်ပြီး လေယာဉ်တင်သင်္ဘောများအပါအဝင် ပင်လယ်ရေကြောင်းသွား စစ်ရေယာဉ်များနှင့် ပြေးလမ်းတိုအခြေအနေများမှ အဆင်ပြေစွာလည်ပတ်လုပ်ဆောင်နိုင်စေရန် အထူးဒီဇိုင်းထုတ်ထားသည်။ ထူးခြားသော တောင်ပံနှင့် နောက်မြီးပိုင်းဖွဲ့စည်းပုံဖြင့် စစ်အခြေစိုက်စခန်း များ၊ ကုန်းရေနှစ်သွယ်သွား ချေမှုန်းရေးစစ်ရေယာဉ်များ နှစ်ခုစလုံးတွင် တပ်ဖြန့်နိုင်စွမ်းရှိပြီး သမားရိုးကျမြေပြင်အခြေစိုက်လေယာဉ်ကွင်းများမလိုအပ်ဘဲ ရည်မှန်းချက်တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

MQ-9B STOL မောင်းသူမဲ့လေယာဉ်သည် ယာဉ်တင်ပလက်ဖောင်းများမှ လွှတ်တင်နိုင်ကာ ရည်မှန်းချက်မျိုးစုံကို လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိသည်။ ရေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်း၊ တန်ပြန်ရေကြောင်းစစ်ဆင်ရေးဆင်နွှဲခြင်းမှသည် ရှာဖွေကယ်ဆယ်ရေး တာဝန်များထိ ဘက်စုံအသုံးပြုနိုင်မှုကြောင့် ရေတပ်စစ်ရေယာဉ်စုများအတွက် အဖိုးမဖြတ်နိုင်သော မောင်းသူမဲ့လေကြောင်းစွမ်းအားတစ်ရပ်ပင်ဖြစ်သည်။ Lynx® Multi-mode ရေဒါ၊ 360-degree ပင်လယ်ရေကြောင်းသုံးရေဒါနှင့် High-Definition Electro-optical/Infrared ကင်မရာများပါဝင်သည့် အဆင့်မြင့်အာရုံခံကိရိယာ အစုံအလင်တပ်ဆင်ထားပြီး ဤဒရုန်းမျိုးကွဲသည် ရေကြောင်းကြိုတင်သတိပေးမှုနှင့် တုံ့ပြန်လုပ်ဆောင်ချက်များ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်စေရေးအတွက် အထူးအသုံးဝင်လိမ့်မည်ဖြစ်သည်။ အလိုအလျောက် ပျံသန်းဆင်းသက်နိုင်ရန်အတွက် Joint Precision Approach and Landing System (JPALS)စနစ်ကို အသုံးပြုထားပြီး လေယာဉ်တင်သင်္ဘောအခြေပြု လည်ပတ်လုပ်ဆောင်မှုများအတွက် သတ်မှတ်ချက်များနှင့် ပိုမိုသဟဇာတဖြစ်စေသည်။

မောင်းသူမဲ့စနစ်များသည် လေယာဉ်တင်သင်္ဘောများအတွက် အဖွဲ့သားများထံ အန္တရာယ်မဖြစ်စေဘဲ ထိလွယ်ရှလွယ်သော စစ်ဆင်ရေးဇုန်များသို့ ပါဝါဖြန့်ကြက်ထားနိုင်စေမည်ဖြစ်သည်။ သို့ဖြစ်၍ MQ-9B STOL ကဲ့သို့မောင်းသူမဲ့လေယာဉ်စနစ်များကို လေယာဉ်တင်သင်္ဘောများတွင် မောင်းသူပါလေယာဉ်များနှင့် ပေါင်းစပ်အသုံးပြုလာနိုင်ခြင်းသည် ဘက်စုံရခံနိုင်ရည်မြင့်မားသော ရေတပ်လေကြောင်းတပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲပေးနိုင်လိမ့်မည်ဖြစ်သည်။ မောင်းသူမဲ့စနစ်များသည် ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်းမှသည် ဆက်သွယ်ရေးကြားခံအဖြစ် လုပ်ဆောင်ခြင်းသို့မဟုတ် အီလက်ထရွန်နစ်စစ်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း၊ ပိုမိုရှုပ်ထွေးသော စစ်ဆင်ရေးများအတွက် လူလိုက်ပါသော တိုက်လေယာဉ်များကို စေလွှတ်ပေးခြင်းထိ လုပ်ဆောင်နိုင်ကြသည်။ အခန်းကဏ္ဍအမျိုးမျိုးတွင် အသုံးချနိုင်စွမ်းသည် အခြေခံအားဖြင့် မောင်းသူမဲ့စနစ်များကို ဆပွားစွမ်းအားစုများအဖြစ်သို့ ပြောင်းလဲစေပြီး လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်၏ တိုက်ပွဲဝင်ထိရောက်မှုနှင့် အလှမ်းဝေးစစ်ဆင်နိုင်မှုတို့ကို ထပ်မံမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**US Navy elevates Carrier Strike Potential with MQ-9 STOL Drone Integration** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်(တိုင်ပေ)က အမေရိကန်ထံမှ HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် ပထမဆုံးအသုတ် လက်ခံရရှိခဲ့



တရုတ်(တိုင်ပေ)သည် အမေရိကန်ထံမှ High Mobility Artillery Rocket Systems (HIMARS) အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် ပထမဆုံးအသုတ်ကို လက်ခံရရှိခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက နိုဝင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် တရုတ်(တိုင်ပေ)၏ အရေးအပါဆုံးမဟာမိတ်နှင့် အကြီးမားဆုံး စစ်လက်နက်တင်သွင်းရောင်းချနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုအချက်သည် တရုတ် (တိုင်ပေ)ကို ၎င်း၏ပိုင်နက်နယ်မြေ အစိတ်အပိုင်းအဖြစ် တောင်းဆိုနေသော တရုတ်နိုင်ငံအတွက် လက်ခံနိုင်စရာမရှိပေ။

လွန်ခဲ့သည့် ဆယ်စုနှစ်ငါးစုအတွင်း အမေရိကန်သည် တရုတ်(တိုင်ပေ)ကို F-16 တိုက်လေယာဉ်များနှင့် စစ်သင်္ဘောများအပါအဝင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများနှင့် ခဲယမ်းများကိုရောင်းချခဲ့ဖူးသည်။ တစ်ချိန်တည်းတွင် တိကျလမ်းညွှန်ဒုံးကျည် အများအပြားပစ်လွှတ်နိုင်သော ထရပ်ကားတင် HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သည် ရုရှား-ယူကရိန်း ပဋိပက္ခတွင် ယူကရိန်းနိုင်ငံဘက်က အသုံးပြုခဲ့သည့် လက်နက်စနစ်လည်းဖြစ်သည်။

တရုတ်(တိုင်ပေ)သည် အမေရိကန်ထံမှ HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် အစင်းရေ ၂၉ စင်း ဝယ်ယူခဲ့ပြီးပထမအသုတ်အနေဖြင့် ၁၁ စင်းမှာ တရုတ်(တိုင်ပေ)သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Po Hornghuei က ပြောကြားခဲ့သည်။ HIMARS စနစ်များ ဝယ်ယူရေးအတွက် မည်မျှသုံးစွဲခဲ့သည်၊ မည်သည့်အချိန် တရုတ်(တိုင်ပေ)သို့ ဆိုက်ရောက်လာခဲ့သည် စသည့်အချက်များကိုမူ အတိအကျထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

တရုတ်(တိုင်ပေ)အနေဖြင့် ၂၀၂၃ခုနှစ် ကာကွယ်ရေးအစီရင်ခံစာတွင် လွန်ခဲ့သည့် နှစ်နှစ်အတွင်း အမေရိကန်နိုင်ငံသည် HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များအပါအဝင် စစ်လက်နက်နှင့်ပစ္စည်းကိရိယာများ ထောက်ပံ့ရောင်းချပေးရန် သဘောတူညီခဲ့ကြောင်းရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတရုတ်(တိုင်ပေ)အပေါ် စစ်ရေးအရဖိအားပေးမှုများ အရှိန်မြှင့်တင်လာခဲ့ပြီး တရုတ်(တိုင်ပေ)သည် ၎င်း၏ အချုပ်အခြာအာဏာပိုင်ဆိုင်ကြောင်း တောင်းဆိုမှုကို လက်ခံရန် ပြောကြားခဲ့သော်လည်း မကြာသေးမီနှစ်များအတွင်းက တရုတ်(တိုင်ပေ)၏အစိုးရက ပယ်ချခဲ့သည်။ တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ၎င်း၏ထိန်းချုပ်မှုအောက်သို့ အင်အားသုံးသိမ်းသွင်းရန် ကန့်သတ်ထားခြင်းမရှိကြောင်း သတိပေးထားပြီးဖြစ်သည်။

တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီး Wellington Koo က ကျွန်ုပ်တို့၏ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းကို စဉ်ဆက်မပြတ် အားကောင်းအောင်ပြုလုပ်သွားရန်စိတ်ပိုင်းဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)သည် မကြာသေးမီနှစ်များအတွင်း ကာကွယ်ရေးအသုံးစရိတ်များကို မြှင့်တင်သုံးစွဲလာခဲ့သည်။ ၂၀၂၄ ခုနှစ်အတွက် စံချိန်တင် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ ခွဲဝေချထားပေးခဲ့ပြီး လာမည့်နှစ်တွင် ကာကွယ်ရေးစွမ်းအားများ အားကောင်းစေရန် ကြိုးပမ်းနေသောကြောင့် အမြင့်မားဆုံး ထိရောက်ရှိရန် မျှော်မှန်းထားသည်။ COVID-19 ကာလ၊ ယူကရိန်းနှင့် အစ္စရေးသို့ အမေရိကန်နိုင်ငံထံမှ စစ်လက်နက်ပစ္စည်းများတင်ပို့နေရမှု စသည်တို့ကြောင့် တရုတ်(တိုင်ပေ)ထံ အမေရိကန်နိုင်ငံဘက်မှ လက်နက်ရောင်းချမှုများ အရှိန်နှေးကွေးသွားခဲ့ရကြောင်း သိရသည်။

**Taiwan Says Received First Batch of HIMARS From US** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေမည့် အမျိုးသားအားကစားပွဲတော်




၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲများ၌ အားကစားနည်း ခြောက်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုး ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်း အားကစားသမားဦးရေ ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ခန့်မှန်းထားကာ ဆုတံဆိပ် ၂၀၀ ကျော် ပေးသွားမည်ဖြစ်သည်။

**ကျင်းပခဲ့**

အမျိုးသားအားကစားပွဲတော်များကို လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ ပထမအကြိမ်ကို ၁၉၉၂ ခုနှစ် မေ ၃ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၂ မျိုး၊ ဒုတိယအကြိမ် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက် ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၄ မျိုး၊ တတိယအကြိမ် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၉ မျိုး၊ စတုတ္ထအကြိမ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်ထိ နေပြည်တော်တွင် အားကစားနည်း ၂၇ မျိုးတို့ဖြင့် ကျင်းပခဲ့သည်။

**ကြိုတင်ပြင်ဆင်မှုများပြုလုပ်**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရန် အချိန်ကာလနီးကပ်လာပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲများ ကျင်းပခြင်း၊ ယှဉ်ပြိုင်ခြင်းတို့တွင်လည်း အဆင့်အတန်းမီမီ၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးသည် ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ကောင်းမွန်သောရည်ရွယ်ချက်များ**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို လာမည့် ဒီဇင်ဘာလအတွင်း ခမ်းခမ်းနားနား၊ စည်စည်ကားကားနှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ အားကစားပွဲတော်၏ ရည်ရွယ်ချက်များမှာ နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများကြားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ဖြစ်သည်။

**ရွေးချယ်သွားမည်**

ယခုကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ထွက်ပေါ်လာမည့် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။ ထိုသို့ ရွေးချယ်ရာတွင် အမှန်တကယ် အရည်အချင်းရှိသူများ၊ အားကစားနည်းအလိုက် စံနှုန်းကောင်းမွန်သူများကို ရွေးချယ်သွားမည်ဖြစ်သည်။ သို့မှသာလျှင် နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်သည့်အခါ အဆင့်မီမီ သူတင်ကိုယ်တင် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။

ထို့ပြင် အမျိုးသားအားကစားပွဲတော်တွင် စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ပေးအပ်ခြင်းကဲ့သို့သော အားပေးချီးမြှင့်ခြင်းများလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် အားကစားသမားတိုင်းက မိမိတို့ အားကစားနည်းအလိုက် ထူးချွန်အောင်၊ စံချိန်ကောင်းများရရှိအောင်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများထိ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန်ပြင်ဆင်လေ့ကျင့်သွားရန် လိုအပ်ပေသည်။

**ပြည်သူလူထုအတွက် အားကစား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ “အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များမြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များကို တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း” အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ စင်စစ်အားဖြင့် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကစားကဏ္ဍ မည်မျှအရေးကြီးသည်ကို လမ်းညွှန်မှာကြားခြင်းပင်ဖြစ်သည်။

**လက်နက်မပါသောတိုက်ပွဲများ**

နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်မှုသည် ၎င်းနိုင်ငံ၏ လူမှုအဆင့်အတန်းမြင့်မားမှုကို ပြသလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု မြင့်မြင့်မားမားရရှိနိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းကြရသည်။ မြန်မာနိုင်ငံသည် တစ်ခေတ်တစ်ခါက ဘောလုံးအားကစား အပါအဝင် အားကစားနည်းအများအပြားတို့တွင် အောင်မြင်မှုများစွာရရှိခဲ့ဖူးသည့် မှတ်တမ်းများရှိခဲ့သည်။

စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” ဆိုသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်ထားသည်။

အားကစား၏ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားသည် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများထိ ကျင်းပလျက်ရှိသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေခြင်းဖြစ်သည့်အတွက် “အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ” ဟု တင်စားပြောဆိုရေးသားလာကြပြီဖြစ်သည်။

အမှန်တော့ အစိုးရအဆက်ဆက်သည် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားအားကစားပွဲတော်များကို ကျင်းပခဲ့ကြသည်။ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးကို များစွာ အထောက်အကူပြုနေသည့်အပြင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးအတွက် နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားစုပေါင်းလှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိသည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့လည်း စဉ်ဆက်မပြတ်စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။

**မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာမည်**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် တိုင်းရင်းသားပြည်သူအားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ၊ စည်စည်ကားကား၊ စံချိန်စံညွှန်းကောင်းကောင်း ကျင်းပနိုင်စေရေး ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်လာစေရန် ရည်ရွယ်၍ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းဖြစ်သည်။ ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဆင့်ဆင့်သော ပြိုင်ပွဲများပြုလုပ်ပြီး စနစ်တကျ လူရွေးချယ်ခြင်း၊ စနစ်တကျ ကြိုတင်ပြင်ဆင်စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ထားသင့်သည်။ ထို့ပြင် ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများအနေဖြင့် မျိုးဆက်သစ်များကို အခြေခံကျကျ ရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ် အမြောက်အမြားပေါ်ထွက်လာမည်ဖြစ်သည်။

**❖အားကစား၏ ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားသည် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီ ပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများထိ ကျင်းပလျက်ရှိသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေခြင်းဖြစ်သည့်အတွက် “အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ”ဟု တင်စားပြောဆိုရေးသားလာကြပြီဖြစ်သည်။❖**

ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် “စည်းလုံးညီညာ အောင်ကြောင်းဖြာ” ဆိုသကဲ့သို့ အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ခိုင်မာစွာယုံကြည်မိပါတော့သည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော် ၁၂၉ ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ၄၇ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်



**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော် ၁၂၉ ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် ၄၇ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ လှည့်လည် အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။

မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ယခင်နှစ်များအတိုင်း ရက်ကန်းစင် ခုနစ်စင်ဖြင့် ရှေးစဉ်လာမပျက် မသိုးသင်္ကန်ရက်လုပ်ပူဇော်သွားမည်ဖြစ်ပြီး ရက်လုပ်ပြီးစီးသွားသည့် မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီ မိနစ် ၃၀ တွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်တန်ဆောင်း အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ကြောင်း၊ တန်ဆောင်မုန်းလပြည်နေ့ မွန်းလွဲ ၂ နာရီတွင်လည်း မြို့တွင်းသို့ နှစ်ကျိပ်ရှစ်ဆူကုန်သောဗုဒ္ဓရုပ်ပွားတော်များ ရပ်ကွက်များအတွင်း လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

"မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကတော့ ပြိုင်ပွဲမဟုတ်တဲ့အတွက် စိတ်အေးချမ်းသာစွာ ကုသိုလ်ရှေ့ထားပြီးတော့ ရက်လုပ်ပူဇော်ကြမှာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ အရင်နှစ်တွေအတိုင်း ရွှေဆံတော်စေတီတော်မြတ်ကြီး အထက်ပစ္စယံမှာ သီတင်းသုံးနေတဲ့ ပဌာလောဟာဗုဒ္ဓရုပ်ပွားတော်ကြီးနဲ့ သတ်မှတ်တန်ဆောင်းအသီးသီးက ဗုဒ္ဓရုပ်ပွားတော်တွေကို မသိုးသင်္ကန်းတွေ ဆက်ကပ်ပူဇော်သွားမှာ ဖြစ်ပါတယ်"ဟု ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။ ASH

# စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား Media Press Show ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ နိုဝင်ဘာ ၁၅ ရက်တွင် ရုံတင်ပြသမည့် စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား Media Press Show ကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Happy Word အားကစားကွင်းနှင့် အပန်းဖြေစခန်း The Rays Studio တွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် နေဝင်းက ပြောပြ၍ သိရသည်။

စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး The Rays ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ရှေ့မှာ အောင်မြင်ပြီးဇာတ်ကားမို့ ကျွန်တော်တို့တွေ သရုပ်ဆောင်ရတာ တာဝန်လဲကြီးပါတယ်။ ကျွန်တော်တို့တွေ



ဒီဇာတ်ကားအတွက် ပင်ပန်းမှုကတော့ စာရိတ္တ ၁ ထက်ပိုပါတယ်။ မတူတာတွေက ရုံတင်တဲ့အခါကျရင် ကြည့်ကြည့်ပါလို့ပြောချင်ပါတယ်။ မကြာခင် CANAL+ မှာလဲ စာရိတ္တ ၁ ရုပ်ရှင်ဇာတ်ကား ပြန်လည် ထုတ်လွှင့်ပြသမှာပါ။ ကျွန်တော်တို့ရဲ့ ရှေ့က စာရိတ္တကို ကြည့်ထားမှ အခုပြမဲ့ ၂ နဲ့က အဆက်အစပ်ရှိမှာပါ။ နို့မို့ဆိုကြည့်ရတဲ့သူတွေက ဇာတ်ရည်လည်မှာ မဟုတ်ပါဘူးလို့ ကြိုပြောချင်ပါတယ်"ဟု သရုပ်ဆောင် နေဝင်းက ပြောပြသည်။

စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ မင်းဘုန်းမြတ်၊ ချာလီ၊ ကောင်းမြတ်စံ၊ တေဇလင်းရောင်၊ ထွန်းပုလဲရတနာ၊ ဝေလာရီ၊ ဥသြသံသာနှင့်အတူ စာရိတ္တ ၁ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင်များ ပါဝင်ထားကြကြောင်း သိရသည်။ ASH

# ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် ယူနက်စကို၏ပဏာမစာရင်းတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ပါဝင်လာ

**နေပြည်တော် နိုဝင်ဘာ ၈**

ယူနက်စကိုကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းထားသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အဆိုပြုစာတွဲနှင့်ပတ်သက်၍ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းအဖြစ် ယူနက်စကို၏ပဏာမစာရင်းတွင် ပါဝင်လာကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ယူနက်စကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်ပြထားကြသည့် အဆိုပြုစာတွဲများအနက် ယူနက်စကို၏ ပဏာမအဆုံးအဖြတ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်မည့် အဆိုပြုစာတွဲများထဲတွင် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်စာတွဲ ပါဝင်လျက်ရှိသည်ကို ယူနက်စကို၏ Website တွင်ပါရှိသည်ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ သုံးသပ်ချက်အရဆိုရင်တော့ ဒီဟာက စာရင်းရပြီဖြစ်တဲ့အတွက်ကြောင့် သေချာသလောက်ဖြစ်သွားပြီ။ သေချာသလောက်ဖြစ်သွားပြီတဲ့အတွက် ဒီဇင်ဘာလမှာကျင်းပမဲ့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှာ အတည်ပြုလိုက်ရင် ရပါပြီ။ အဓိကက ဒီ List ထွက်လာဖို့ပဲ အရေးကြီးတာပါ။ ဒီ List ထဲမှာ အခုပါပြီလေ"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြသည်။

၁၉ ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံကို ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ လာမည့် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှတင်သွင်းထားသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အဆိုပြုစာတွဲနှင့်ပတ်သက်၍ တရားဝင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Michael ဇာတ်ကားသစ် ရုံတင်မည့်ရက် Lionsgate ရုပ်ရှင်ကုမ္ပဏီနောက်ဆုတ်

**နယူးယောက် နိုဝင်ဘာ ၈**

Michael အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက မူလသတ်မှတ်ကာလမှ နောက်ဆုတ်ထားကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

Michael ဇာတ်ကားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

Lionsgate ကုမ္ပဏီသည် မူလက Michael ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Michael ဇာတ်ကားသည် ကွယ်လွန်သူ ကမ္ဘာကျော် ပေါ့ဘုရင်ကြီး မိုက်ကယ်ဂျက်ဆင်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။

Michael အတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ အန်တိုနီဖူကွာက တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျွန်လိုဂန်က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မိုက်ကယ်ဂျက်ဆင်၏ တူတော်စပ်သည့် မင်းသား ဂျာဖာဂျက်ဆင်က မိုက်ကယ်ဂျက်ဆင်အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Penthouse လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဆိုဂျီအာရိုင်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၈**

Penthouse အမည်ရှိ လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဆိုဂျီအာရိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

Penthouse ဇာတ်ကားတွင် မင်းသား ဆိုဂျီအာရိုင်းသည် ရုရှားမင်းသမီး အိုင်ရီနာမစ်ခေးလိုဗာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Penthouse ဇာတ်ကားသည် အမေရိကန်နိုင်ငံမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ပြောင်းရွှေ့လာပြီး ဇိမ်ခံတိုက်ခန်းတစ်ခန်း၌ နေထိုင်ခဲ့ကြသည့် လူငယ်စုံတွဲ နှစ်ဦး ရင်ဆိုင်ခဲ့ရသော ချောက်ချားဖွယ်ဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Penthouse ဇာတ်ကားကို ရုရှားဒါရိုက်တာ စတီပင်ဘာနာရှက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Penthouse ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်နေပြီဖြစ်သည်။

Penthouse ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra, who is in Kunming, the People's Republic of China to attend summits



**Nay Pyi Taw November 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held talks with Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra, who is in Kunming, the People's Republic of China to attend summits including 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit at Wyndham Grand hotel in Kunming yesterday afternoon.

At the meeting views on the impact of one's issues on another between Myanmar and Thailand that are indivisible good neighborly friends, peace and stability, rule of law and development undertakings at the common border, anti-transnational crime, counternarcotics and anti-online gambling, border trade, investment and economic promotion, labour affairs, promotion of ministry-to-ministry and department-to-department cooperation between the two countries, latest political developments in Myanmar and the progress made in line with the adopted objectives, preparations to successfully hold a free and fair multiparty general election were exchanged in a cordial atmosphere.

After the meeting the Senior General and the Thai PM cordially greeted the attendees.

100

**Senior General Min Aung Hlaing meets Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra.**

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Chongqing, meets staff and families of Consulate-General and scholars




**Senior General Min Aung Hlaing signs the visitors' book of the Consulate-General.**

**Nay Pyi Taw November 8**

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing that attended summits including the 8th Greater Mekong Subregion (GMS) Summit in Kunming, the People's Republic of China left Kunming International Airport for Chongqing yesterday evening and was seen off at the airport by Mr. Yang Yalin, Standing Committee member of Chinese Communist Party, and officials, and Chinese traditional cultural troupes waving miniature flags of the two countries and performing folk dances.

The Senior General and party arrived at Chongqing Jiangbei International Airport in the late evening and were warmly welcomed by Vice Governor of Chongqing Mr. Shang Kui and members, Consul General of Myanmar Consulate-General U Kyaw Zeya Lin and officials by presenting bouquets.

This morning, the Senior General and party met staff and families of the Myanmar Consulate-General in Chongqing and scholars.

First, the Senior General and party were warmly welcomed by the staff and families. Then the Senior General looked around the Consulate-General and attended to the needs of officials.

At the meeting with staff and families of the Consulate-General and scholars, the Consul General reported on undertakings to promote cooperation in multi-sectors including economic, education and health fields. In response, the Senior General said personnel of the Consulate-General should be able to successfully perform their duties in other areas, in addition to diplomatic relations. They should be able to generate opportunities for mutually beneficial economic undertakings, export and import services and investments between the two countries. In this way, there will be progress in interactions, leading to serving the interest of the peoples of both countries more and helping develop the national economy. As production of a large number of human resources is the foundation of a region's development, the diplomatic staff should also take part in education promotion activities. They must improve the country's image through self-control, dutifulness and hospitality. They should be able to promote national pride by setting up the main supportive platform for Myanmar-China friendship and trade.

The Senior General presented gifts and cash awards for Consulate-General staff and families through the Consul General and to scholars.

The Senior General signed the visitors book of the Consulate-General and cordially greeted staff and families and scholars. 100



**Senior General Min Aung Hlaing presents gifts for consulate staff families.**

# High-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits factories in Chongqing, China





Senior General Min Aung Hlaing visits SERES Auto Company.

**Nay Pyi Taw November 8**

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing went on a tour of inspection at factories in Chongqing today.

**Zhongyue Aviation UAV Firefighting-Drone Co.Ltd.**

First, the Senior General and party arrived at Zhongyue Aviation UAV Firefighting-Drone Co.Ltd. and they were welcomed by Founder & Chairman of the company Mr. CAO, Bing and officials, who later explained the brief history of the company, yearly development and research, awards presented by local and foreign organizations for contribution to the cause of human to the Senior General and party and screened a documentary video of social rescue operations conducted by using advanced drones at the exhibition hall of the company.

Then, the Senior General and party viewed the advanced drones for rescue operations produced by the company. Company officials explained the process of using drones for firefighting in highrise buildings, forest fires and other natural disasters to the Senior General and party and demonstrated firefighting by using drones.

Then, the Senior General praised the in-charge of the company for manufacturing drones to contribute to the cause of humanity by using high-tech and rescue operations and presented gifts.

**SERES Auto Company**

Afterward, the Senior General and party proceeded to SERES Auto Company and were welcomed by Chairman of the company Mr. Li Bo and officials. Responsible officials explained the brief history of the automobile factory, models of cars manufactured by the company, salient points of car models and the assembly line in detail to the Senior General and party, who asked questions about interesting points. Then, company officials presented a miniature model car manufactured at the factory to the Senior General, who presented gifts to the officials.


**Chongqing International Logistics Hub Park**

Afterward, the Senior General and party arrived at Chongqing International Logistics Hub Park and were welcomed by officials of the park. Then, officials of the park explained land and sea routes of commodity flow between China, Europe and the West, development history of Chongqing, ports along the Yangtze River, transportation and the scale model of the city to the Senior General and party. The Senior General asked questions about interesting things and signed the guest book.

**Weima Agricultural Machinery Company**

In the afternoon, the Senior General and party went to Weima Agricultural Machinery Company and were greeted by Chairman Mr. Yan Hua and officials. Responsible officials explained the brief history of the company, exports of agricultural machinery, pumps, generators, snow removal equipment and street cleaning sweepers to neighbouring countries and European countries, machines produced by the company and production processes to the Senior General and party. The Senior General asked questions about interesting things to the officials.

*See Page 14*



Senior General Min Aung Hlaing visits Chongqing Planning Exhibition Gallery.




Senior General Min Aung Hlaing views agricultural machines.



Senior General Min Aung Hlaing visits Chongqing International Logistics Hub Park.

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing meets Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee



**Senior General Min Aung Hlaing meets Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee.**

**Nay Pyi Taw November 8**

Senior General Min Aung Hlaing, Chairman of the State Administration Council (SAC), Prime Minister, who arrived in Chongqing, People's Republic of China, met with Mr. Yuan Jiajun, member of the Central Committee of the Communist Party of China and Secretary of Chongqing Municipal Party Committee at the lobby of Yuzhou Hotel today evening.

First, the Chairman of the SAC Prime Minister and members were warmly greeted by Mr. Yuan Jiajun and they took documentary photos.

They then engaged in an open discussion on the development progress of Chongqing City, located at the heart of the People's Republic of China, and the status of Myanmar-Chongqing economic cooperation following the SAC Chairman's visit to Chongqing. The conversation also covered the prospects for continued cooperation based on technical advantages and the road communication hub, as well as potential collaboration in science and technology, cultural exchanges, education, and tourism development between the two regions.

The meeting was attended by the Joint Secretary of the Council, General Ye Win Oo, and senior officers and officials and the Ambassador of Myanmar to China. Along with the secretary of Chongqing Municipal Party Committee, the Chinese Ambassador to Myanmar and officials attended.

After the meeting, the Chairman of the SAC Prime Minister and Chongqing Municipal Party Committee secretary warmly greeted the attendees.

After that, it was reported that the Chairman of the SAC Prime Minister, and members had dinner together hosted by the secretary of the Chongqing Municipal Party Committee.

The Senior General and party will continue to go on inspection tours to landmarks, factories, workshops and universities in the People's Republic of China.

100



**Senior General Min Aung Hlaing attends dinner hosted by Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee.**



*From Page 13*

**Chongqing Planning Exhibition Gallery**

Then, the Senior General and party arrived at the Chongqing Planning Exhibition Gallery and were welcomed by the deputy mayor and officials.

Officials of the gallery explained the development of Chongqing in successive eras, rising living standards of residents, traditional cultures, and scale models of the city to the Senior General and party before screening videos depicting development in multiple sectors. The Senior General asked questions about interesting things to the officials. Then, the Senior General signed the guest book of the gallery and cordially greeted the officials.

In the evening, the Senior General and party arrived at Yuantongsi Port and went on a cruise along the Yangtze River. The Senior General met with entrepreneurs from Chongqing on the cruise and frankly exchanged views on China-Myanmar economic cooperation and investments.

100

**Senior General Min Aung Hlaing observes advanced drones for rescue operations.**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at the coordination meeting of the National Disaster Management Committee



Vice-Senior General Soe Win delivers a speech at the coordination meeting of the National Disaster Management Committee.

**Nay Pyi Taw November 8**

The National Disaster Management Work Committee held the coordination meeting at the assembly hall of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon, with an address by Chairman of the Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Union ministers, the Nay Pyi Taw Council Chairman, deputy ministers, senior Tatmadaw officers from the Office of the Commander-in-Chief, departmental heads and officials together with chief ministers of regions and states who are chairmen of regional and state natural disaster management committees and officials through a video conferencing.

In his opening address, the Vice-Senior General said that currently, many countries around the world are experiencing the effects of climate change, encountering severe natural disasters such as flash flooding and the occurrence of powerful storms. In the United States, during September and October of 2024, powerful hurricanes Helene, Milton, and Leslie occurred over the span of two weeks, causing millions of people to relocate and resulting in billions of US dollars in damage. Additionally, in recent days, it was found that over 200 people died due to floods in Spain. Similarly, the Philippines also experienced significant damage and losses due to natural disasters.

Similar to other countries, Myanmar is also facing natural disasters based on climate change and it is included in the list of most possibility of loss and damage in natural disasters. At present, whirlwinds which moved from the South China Sea, facing of occurrences between warm winds from the Andaman Sea and the Bay of Bengal cold winds from the high press area of China mainland may cause instability of atmosphere in the Andaman Sea and the Southeast of Bay of Bengal despite passing the monsoon period. Hence, heavy rains may cause in coming days, according to the Department of Meteorology and Hydrology. On 7 November, Pyu Township of Bago Region was hit by heavy rains with some eight inches of rainfall.

Moreover, news showed that Typhoon Yinxing entered the Philippines on 7 November and then heads to the west and northwestward. It was noted that the route of such typhoon is similar to that of Typhoon Yagi. Recently, Typhoon Yagi crossed the Philippines on 2 September, Vietnam on 7 September and Myanmar on 8 and 9 September. At present, the central Myanmar and Shan State suffered impacts of heavy rains and flash flood triggered by Typhoon Yagi in coincided with a small storm from the depression in the Bay of Bengal. Now, clashes of the cold and warm air streams stipulate raining in Myanmar whereas Typhoon Yinxing from the Philippines heads to Vietnam. As such, preparations must be made to provide necessary aid for the people with considerations over the possible heavy rains, flash flood and landslides.

According to the press releases of the Department of Meteorology and Hydrology under the Ministry of Transport and Communications and international meteorological centres, Myanmar is expected to face some raining less than usual from 8 to 17 November. However, it is necessary to make preparations and conduct rehearsals not to cause impacts of storms similar to Typhoon Yagi again.

Myanmar has high humidity of soil with lesser compactness due to many rainfalls and flash flood this monsoon. If the country faces many rainfalls like that of Typhoon Yagi, some regions and states will suffer loss and damage. As such, preparations must be done in advance. In this regard, it is necessary to release early warnings, set the safer places for displaced persons from the flood-ravaged areas, stockpile purified drinking water and foods in advance, group heavy machinery and vehicles to transport affected people, manage evacuation of the people in time, and organize the people who refuse to move under the natural disaster management law. Taking lessons from loss and damage in the occurrences of Typhoon Yagi, necessary preparations must be done. All need to cooperate with each other in necessary preparations to minimize loss and waste.

Regarding the flooding caused by typhoon Yagi, emergency response operations were carried out in the affected regions under the direct leadership and guidance of the Chairman of the State Administration Council. Following these directives, the National Committee promptly implemented necessary actions, including providing essential support to affected areas, assisting those who suffered casualties, injuries, or loss of homes, and distributing emergency food supplies. Over 25 billion kyats were allocated for these activities.

Additionally, efforts to restore sectors such as education, healthcare, agriculture, livestock breeding, and transportation are progressing rapidly under the supervision of responsible authorities, accelerating the overall recovery process.

Using state emergency funds and donations from benefactors, repairs were swiftly made to schools in flood-affected areas, enabling the reopening of all basic education schools within a month of the disaster. The authorities expressed gratitude to donors for their generous contributions, which made these recovery efforts possible. Furthermore, essential seeds and veterinary medicines were provided for agricultural and livestock operations, along with ongoing support in these sectors.

While recovery efforts are underway, it was emphasized that preparations must also be made to address potential future natural disasters. Relevant union-level ministries, organizations, committees, and regional/state governments, including the Nay Pyi Taw Council, were urged to proactively prepare for weather-related risks and report any support needed from the union level.

Vice Chairmen of the committee, Union Ministers Lt-Gen Yar Pyae and Dr. Soe Win, discussed ongoing efforts to establish emergency response teams in each region to minimize damage from potential natural disasters, supported by the National Natural Disaster Management Fund for procuring necessary relief supplies.

The Director General of the Department of Meteorology and Hydrology under the Ministry of Transport and Communications presented updates on the trajectory of Typhoon Yinxing over the South China Sea and related weather forecasts.

Committee members, the Chairman of the Nay Pyi Taw Council and Chief Ministers of regions and states, reported on emergency response, relief, support, and recovery preparations tailored to their respective areas and sectors.

Subsequently, chairmen of the News and Information Committee, the Health Management Committee, the Transport and Communication Committee, the Initial Needs Assessment and Identification Committee, the International Relations Committee, the Livelihood Restoration Committee, the Environmental Conservation Committee, and the Rehabilitation and Reconstruction Committee, who are Union Ministers, and officials provided updates on their sector-specific activities.

Union Ministers and officials in attendance also discussed disaster preparedness measures across various sectors, fostering collaborative discussions and exchanging suggestions.

Finally, Vice-Senior General Soe Win summarized and coordinated the necessary actions based on the discussions. He delivered closing remarks before officially concluding the meeting.




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့ရှိ Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်သော ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Fire-fighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တာဝန်ရှိသူတစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

သုတေသနပြုလုပ် ဆောင်ရွက်ခဲ့မှုများနှင့် လူသားအကျိုးပြု ဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပမှ ချီးမြှင့်ခြင်းခံခဲ့ရသည့် ဆုတံဆိပ်များကို လိုက်လံရှင်းလင်းပြသပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အဆင့်မြင့်ဒရုန်းများအသုံးပြု၍ ကူညီဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အထပ်မြင့်အဆောက်အအုံများ၊ တောမီးလောင်ကျွမ်းမှုများနှင့် အခြားသော သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတို့တွင် ဒရုန်းများအသုံးပြု၍ ပြုလုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြကြပြီး ဒရုန်းဖြင့်မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီတာဝန်ခံအား ယခုကဲ့သို့အဆင့်မြင့်နည်းပညာများကိုအသုံးပြု၍ လူသားအကျိုးပြုဒရုန်းများ တီထွင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုအား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့်ပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Fire-fighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

## SERES မော်တော်ကားကုမ္ပဏီ

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Boနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကားစက်ရုံ၏သမိုင်းအကျဉ်း၊ ကုမ္ပဏီမှထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် စက်ရုံအတွင်းကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို အသေးစိတ်လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်ရာ အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။

## Chongqing International Logistics Hub Park

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing International Logistics Hub Park သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီ၏ စက်ရုံအတွင်း ကားထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo အား အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီသို့ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo က ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှုဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုးသည်။

**Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီ**

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Hua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကုမ္ပဏီ၏သမိုင်းအကျဉ်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့

**စာမျက်နှာ ၁၈ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်စက်ပစ္စည်းများ၊ ရေစုပ်စက်၊ မီးစက်၊ နှင်းရှင်းစက်နှင့် လမ်းရှင်းစက်များ တင်ပို့ရောင်းချရလျက်ရှိမှု၊ ကုမ္ပဏီမှထုတ်လုပ်ထားရှိသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**Chongqing Planning Exhibitionပြတိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing Planning Exhibition ပြတိုက်သို့ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြတိုက်မှ တာဝန်ရှိသူများက ချုံချင့်မြို့၏ ခေတ်အဆက်ဆက်ဖြစ်ပေါ်ပြောင်းလဲ တိုးတက်ခဲ့မှုများ၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်လာမှုနှင့် ရိုးရာယဉ်ကျေးမှုပုံစံများ၊ မြို့ပြပုံစံငယ်များ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုကိုဖော်ပြထားသည့် အထူးပြုလုပ်ချက်ဗီဒီယိုများစသည်ဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ Yuan-tongsi သင်္ဘောဆိပ်သို့ ရောက်ရှိပြီး ယန်စီမြစ်အတွင်း သင်္ဘောစီး၍လေ့လာခဲ့ကြကြောင်းနှင့် သင်္ဘောပေါ်တွင်လိုက်ပါလာသည့် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင်ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H. E. Ms. Paetongtarn Shinawatraနှင့် ကူမင်းမြို့ရှိ Wyndham Grandဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်းနှင့်ဌာနဆိုင်ရာအချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လွှတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဗဟ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H. E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့်ခရီးသွားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီအတွင်းရေးမှူးတို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့်ညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊တက္ကသိုလ်များသို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။

☆ ကျောဖုံးမှအဆက်


အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခေတ်အဆက်ဆက်ပြောင်းလဲတိုးတက်လာမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ချုံချင့်မြို့သို့ခရီးစဉ်လာရောက်မှုသည် မြန်မာ-ချုံချင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခုဖြစ်သည့်အခြေအနေများနှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏နည်းပညာအားသာချက်များ၊ လမ်းပန်း ဆက်သွယ်မှု အချက်အချာကျသည့် အားသာချက်များ အပေါ်တွင်မူတည်၍ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အလားအလာများ၊မြန်မာနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများကို သွားရောက်တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalinနှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kuiနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ချုံချင့်မြို့ ကျန်းပေ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion(GMS)) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ချုံချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalinနှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများကပြကာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချုံချင့်မြို့ ကျန်းပေ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kuiနှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ပန်းစည်းကမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်ပညာတော်သင် သင်တန်းသားများကို သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများကိုတွေ့ဆုံရာ ကောင်စစ်ဝန်ချုပ်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးလုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာဆက်ဆံရေးသာမက အခြားကဏ္ဍများ၌လည်း အောင်မြင်အောင်ဆောင်ရွက်သွားနိုင်ကြရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ထိုသို့ဆောင်ရွက်နိုင်ပါက ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ်များ အများအပြားမွေးထုတ်ပေးနိုင်ခြင်းပင်ဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍအတွက်လည်းသံတမန်ဝန်ထမ်းများအနေဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ တာဝန်များကိုထမ်းဆောင်ရာတွင် မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ဂုဏ်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိကအထောက်အကူပြုသည့် နေရာတစ်ခုအဖြစ် ရောက်ရှိအောင်ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပါစေကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်ပညာတော်သင်သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကိုပေးအပ်ရာ ကောင်စစ်ဝန်ချုပ်နှင့် ပညာတော်သင် သင်တန်းသားတို့က လက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပေးပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဈဝ၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအများအပြား တွေ့ကြုံခံစားနေရပြီး ပြင်းထန်သည့် သဘာဝဘေးများဖြစ်သော ရုတ်တရက်ရေကြီးခြင်း၊ ပြင်းထန်အားကောင်းသည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်းများကို တွေ့ကြုံခံစားနေရကြောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရက်သတ္တ နှစ်ပတ်ခန့်ခြားကာ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်းများဖြစ်သော Helene, Milton, Leslie မုန်တိုင်းများဖြစ်ပွားခဲ့၍ လူသန်းနှင့်ချီပြီး ရွှေ့ပြောင်းခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံ ရာနှင့်ချီပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေဘေးကြောင့် သေဆုံးသူ ၂၀၀ ကျော်ခန့်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေအများဆုံးစာရင်းထဲတွင် ပါဝင်နေကြောင်း၊ ယခုလတ်တလောတွင် မုတ်သုံကာလ လွန်မြောက်ပြီဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသည့် လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက်လည်းကောင်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရေချိန် ရှစ်လက်မခန့် ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း (YINXING)သည် နိုဝင်ဘာ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကိုဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌ တွေ့ရကြောင်း၊ မုန်တိုင်းလမ်းကြောင်းသည် ယခင် ရာဂိမုန်တိုင်းဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်း သိရှိရကြောင်း၊ ယခင်ရာဂိမုန်တိုင်းဝင်ရောက်စဉ်က စက်တင်ဘာ၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်တွင် တိုင်ဖွန်းမုန်တိုင်း ရာဂိအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန် တိုက်ဆိုင်လျက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးပြီးရေလျှံဒုက္ခဘေး ခံစားခဲ့ရသကဲ့သို့ ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌ လေအေးစီးကြောင်းနှင့် လေနွေးစီးကြောင်း ထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်း ရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့် ဖြစ်စဉ်တူ၊ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာမိုးလေဝသခန့်မှန်းဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအတွင်း နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အတွင်း ရွာသွန်းမြဲအောက်နှင့် ရွာသွန်းမှုအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း မိမိတို့ဘက်မှ ထပ်မံ၍ ရာဂိမုန်တိုင်း အဖျားခတ်မှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာ ရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှု အားနည်းနေသည့်အတွက် ယခင်ရာဂိကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်**ကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ရာတွင် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများကို ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်း ရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရာဂိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးသို့မဟုတ် မရှိသလောက်ဖြစ်အောင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ရာဂိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည့်အပေါ်တွင် အမျိုးသားကော်မတီအနေဖြင့် **စာမျက်နှာ ၂၂ သို့**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ (Indian Council of World Affairs - ICWA)၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်ထိ ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ခရီးစဉ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိရာ ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ (ICWA)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌနှင့် ICWA အတွင်းရေးမှူး Smt. Nutan Kapoor Mahawar တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အိန္ဒိယ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်းခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ဖက်ဒရယ်စနစ်၏ အခွင့်အာဏာခွဲဝေမှုနှင့် အခွန်ခွဲဝေမှုခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ (၁၆)ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်သို့ ဆက်လက်တက်ရောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် အိန္ဒိယနိုင်ငံ၏ ဒေသတွင်း အတွေ့အကြုံများနှင့် ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်(Panchayati Raj စနစ်) ခေါင်းစဉ်တို့ကို အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်းခေါင်းစဉ်ကို ဆက်လက်ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံရှိ ဘာသာဗေဒ လူနည်းစုဆိုင်ရာ ကော်မရှင်နာနှင့် တွေ့ဆုံခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်ထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ အပြန်အလှန်မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၂၁ မှအဆက်**

ချက်ချင်းလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍပေါင်းစုံကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် အရှိန်ရနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကိုအမြန်ဆုံးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး တစ်လခန့်အတွင်းတွင် အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် စေတနာမေတ္တာ အပြည့်ဖြင့် လှူဒါန်းပေးကြသည့်အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် မျိုးစပါးနှင့် တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အခြားသောစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်မှုများ ဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လတ်တလောဖြစ်ပေါ်လာနိုင်သည့် ရာသီဥတု အခြေအနေများနှင့်စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေး တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က လတ်တလောဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက်အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း၏ လမ်းကြောင်းအခြေအနေနှင့် ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(၅၀၁)**


**မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂိုကဲ့သို့ မိုးရေချိန်လက်မများစွာရရှိပါက တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ် . . .**

# နိုဝင်ဘာ ၉ ရက်အတွင်း ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော်  နိုဝင်ဘာ  ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉-၁၁-၂၀၂၄ ရက်နေ့ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာ ၉ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ **မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိတပ်မတော်ဆေးရုံနှင့် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက်တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ပထမနှစ်ဝင်ခွင့်ရရှိသူများစာရင်း ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website:https://www. most.gov.mm၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏Website: https://www. dtvet.edu.mm၊https://www.dtvet.gov.mmနှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ကျိုင်းတုံမြို့နှင့် ရေတာရှည်မြို့အနီး မြေငလျင်များလှုပ်ခတ်

နေပြည်တော် နိုဝင်ဘာ ၈

နိုဝင်ဘာ ၇ ရက် ည ၁၁နာရီ ၄၂ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၁၇ ဒီဂရီ၊အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇၉ ဒီဂရီ အနက် ၂၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၀၀ နာရီ ၃၃ မိနစ် ၁၂ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းရေတာရှည်မြို့၏ တောင်ဘက် ရှစ်မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၀၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ အနက် ၃၃ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ပထမနှစ်ဝင်ခွင့်ရရှိသူများစာရင်း ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm၊http:// www.dast.gov.mmနှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Dongfeng MotorCo.,Ltdက တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG EX1 NANO BOXနှင့် FAW TOYOTA bZ3 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့်ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



## ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နှစ်ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကိုယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူပိုင်ပစ္စည်းများကိုယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရေစကြိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေရင်းကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့ကိုထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများကိုဖုံးကွယ်ပြီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ငစိန်ဆန် မာ၍ကြမ်းသော်လည်း

မောင်ငြိမ့်



ဖိုးနီတစ်ယောက် တံငါလုပ်စားလာတာကြာခဲ့ပြီ။ ယခုတစ်လောကဲ့သို့ ရှာရဖွေရအဆင်မပြေတာမျိုး မကြုံဖူးခဲ့ပါ။ တစ်ညလုံးနီးပါးပိုက်ဆွဲနိုင်ပါမှ ပုစွန်ဆိတ်ကလေး တစ်ပိဿာ၊ နှစ်ပိဿာ အနိုင်နိုင်။ တစ်ပုံသမားအဖြစ်လိုက်သူ လူငှားကို သုံးပုံတစ်ပုံခွဲဝေပေးရသေးတော့ မိမိအဖို့ ဘာမျှမကျန်။ စားဝတ်နေရေး အရေးသုံးပါးတွင် ဝတ်ရေး၊ နေရေးကို အသာထားလို့ စားဖို့ပင် မလောက်ငနိုင်ခဲ့။

ပိုက်သူကြီးဖြစ်လို့ ရှာလို့ဖွေလို့ရလာသမျှ၏သုံးပုံနှစ်ပုံရသည်မှန်သော်ငြား အရင်းအနှီးက ရှိသေး၏။ လူငှားကို ညစာကျွေးရ၏။ ညဘက်ထွန်းရန် မီးအုပ်၊ မီးခွက်၊ ရေနံဆီဖိုးနှင့် ဆေးလိပ်ဖိုးက ကုန်ရသေး၏။ ထိုအထဲ ဆူးငြိ၊ ငုတ်ငြိနှင့် ပိုက်ပေါက်ပြဲပြန်ပါက ဖာဖို့ချည်ခင်ဖိုးက ရှိသေး၏။ သို့ဖြစ်၍ ယခုတစ်လောမပြေလည်။ ဖိုးနီစိတ်ညစ်မိ၏။

သည်သို့စိတ်ညစ်ရသည့်အထဲ ဈေးရောင်းက အပြန် အမြဲတမ်းမြည်တွန်တောက်တီးတတ်သော မကျင်ငွေ၏ အငြူအစူ၊ အဆောင့်အအောင့်၊ အထေ့အငေါ့ကိုလည်း ခံရသေး၏။

"သူများလှေ၊ သူများပိုက်တွေကျတော့ ရှာလို့ဖွေလို့ရပ့ါတော်။ အချိန်နှစ်ဆယ်၊ သုံးဆယ်နေ့တိုင်း ရနေကြတာ။ သူတို့မယားတွေများ ကြော့လို့မော့လို့၊ မျက်စိတောင်မပွင့်တော့ဘူး။ ကျုပ်တို့မှာတော့ ပိုက်သူကြီးကတော်သာဆိုတယ် သူများလှေက တစ်ပုံသမားလောက်မပြောင်ရောင်ဘူး။ ဒါကြောင့် စောစောသွားပါ၊ ဝီရိယထားပါ၊ သူများတွေဘာလုပ်သလဲကြည့်၊ ကိုယ်လဲလိုက်လုပ်ပေ့ါ။ ဒီလိုပုံနဲ့သာဆိုရင် ကျင်ငွေတို့ ငစိန်ဆန်တောင် နပ်မှန်ဖို့ ခပ်ခက်ခက်"

ညကအိပ်ရေးပျက်ခဲ့၍ ထုံးစံအတိုင်းဆွမ်းခံဝင်ချိန်ထိ အိပ်လေ့ရှိသောဖိုးနီတစ်ယောက် လန့်၍နိုးရပြီ။ လန့်နိုးတော့အိပ်ရေးမဝ။ အိပ်ရေးမဝတော့ စိတ်က တိုရမြဲ။ သို့သော် ရန်မဖြစ်ချင်၍ ဆက်၍အိပ်ရန်ကြိုးစား၏။ ဝုန်းခနဲ၊ ဂလုံခနဲ၊ ဂလွမ်ခနဲ ချိန်ခွင်နှင့်အလေးထည့်ထားသောဒန်ဇလုံကြီးကို ကြမ်းပေါ်ပစ်ချလိုက်ချိန်မှာတော့ ဆတ်ခနဲထ၍ထိုင်မိပြီး ထောင်းခနဲထွက်လာသောဒေါသကြောင့် တောက်တစ်ချက်ပြင်းပြင်းခေါက်မိ၏။

သူ့တောက်ခေါက်သံကိုကြားသော်ငြား မကျင်ငွေ၏ ဆူပူဆောင့်အောင့်သံက မရပ်။

"လူတွေများ မှန်တာပြောရင် မခံချင်တတ်ကြဘူး။ ပိုက်သမားချင်းအတူတူ ရတာချင်းမတူလို့ ပြောရတာတော်ရေ။ လုပ်ရည်ကိုင်ရည်၊ ကြံရည်ဖန်ရည်မရှိတဲ့ယောကျ်ားကိုယူထားမိတာက မိကျင်ငွေတို့အမှား။ မိန်းမဖြစ်နေလို့ပေ့ါ ယောကျ်ားသာဖြစ်ကြည့် သွားပြီးရှာပြလိုက်ချင်တယ်"

သည်လောက်လွန်ကဲစော်ကားလာတော့ ဖိုးနီ ဒေါသကိုမထိန်းနိုင်တော့ပြီ။

"ဟေ့ မကျင်ငွေ မင်းတော်တော်လွန်လာပြီနော်။ ငါငြိမ်နေတာ အကောင်းမမှတ်နဲ့။ ဘယ်သူတွေက ဘယ်လောက်ရနေလို့ မင်းက ဒီလောက်ဖြစ်နေရတာလဲ။ မင်းတို့မိသားစုကို ငါတတ်နိုင်သရွေ့ ရိုးရိုးသားသားရှာဖွေကျွေးမွေးခဲ့တယ်။ ရေထဲက သတ္တဝါ ကိုယ်လိုချင်တိုင်းရမလားကွ။ နောက်ပြီး ငါတစ်ယောက်တည်းရှာလို့မရတာမဟုတ်ဘူး။ စိန်လှတို့၊ ကျော်ခင်တို့လဲ မင်းမေးကြည့် ငါ့လိုပဲဘယ်သူမှ ပိုမရဘူး"

"ဟင်း ဟင်း ဟင်း အဲဒီလိုသာ ရယ်လိုက်ချင်တယ်တော်။ ကိုလှဆောင်တို့၊ ကိုရွှေဖောင်တို့၊ ကိုလှသိန်းတို့ကိုလဲ ရှင်သွားမေးကြည့်လိုက်စမ်းပါ။ ဘယ်လောက်ရသလဲဆိုတာ ဘေးကျားတွေ၊ ဆတ်ထုပ်တွေ၊ ငါးဖယ်ကြီးတွေတနင့်တပိုးပါတော်။ ရှင်ကတော့ဘယ်သိမလဲ။ ရှာလို့ရသမျှကလေး ကျုပ်ကိုပုံပေးပြီး စက်တော်ခေါ်နေတာကိုး။ ကြည့်လေ ကိုယ်ရတာက ပုစွန်ဆိတ်ကလေး၊ ငါးစင်စပ်ကလေး တစ်ပိဿာ၊ နှစ်ပိဿာရယ်၊ ဈေးဖိုးမှအနိုင်နိုင်"

ပြောရင်းဒေါသထွက်ထွက်နှင့် သောက်လက်စ ဆေးပေ့ါလိပ်ကို ဆတ်ခနဲဆတ်ခနဲ ထိုး၍ခြေသည်။

မကျင်ငွေ၏စကားအဆုံးတွင် ဖိုးနီ တွေခနဲဖြစ်သွားရတော့၏။ ဟုတ်မှဟုတ်ရဲ့လားဟူသောအတွေးက ဝင်လာ၏။ အခုတစ်လော သည်ကောင်တွေ လှေသုံးစီး သူများတကာပိုက်ဆွဲမသွားခင် သုတ်သုတ်သုတ်သုတ်နှင့်ထွက်သွားတာ သတိထားမိ၏။ ဘယ်နေရာသွား၍ ဘယ်လိုရှာသည်မသိနိုင်။ သို့သော် တံငါတို့၏ဘာသာဘာဝ သူလည်းသူ့ပိုက်ချက်နှင့်သူ၊ ကိုယ်လည်းကိုယ့်ကွန်ချက်နှင့်ကိုယ် စကားပုံတောင်ရှိသေးမဟုတ်ပါလား။ "ဟင်းစာသာပေးချင်ပေး၊ ကွန်ချက်တော့မပြနဲ့"ဆိုတဲ့စကား ရှေးလူကြီးများထားခဲ့ကြသည်ပဲ။

သို့သော် ငါး၊ ပုစွန်ရှားချိန်မျိုးမှာ သူတို့ရလာတာတွေကများတော့ ဆန်းသည်ဟု ဆိုချင်မိတော့၏။ သူများတကာတွေ ဟင်းစားသာသာရနေကြချိန်တွင် သူတို့အုပ်စု ဘယ်ကိုသွား၍ ဘယ်လိုများရှာလာကြတာပါလိမ့်။ အို ဒါကလည်းဖြစ်တတ်တာပါပဲဟု ဖြေသော်လည်း သိချင်စိတ်က ငယ်ထိပ်တက်တော့၏။

ထိုနေ့ညနေစောင်း ပိုက်ဆွဲရန်အသွားလမ်းခရီးတွင် ဖိုးနီမနေနိုင်။ လှေပဲ့တွင်ပါလာသော မိမိ၏ တစ်ပုံသမား စိန်ကုလားကို မေးမိသည်။

"ဟေ့ကောင် စိန်ကုလား လှဆောင်တို့အုပ်စု အခုတစ်လောအတော်ရတယ်လို့ ကြားပါလားကွ"ဟု စကားစမိသည်။

"ဟာ အစ်ကိုကလဲ အခုမှသိတာလား။ လေးငါးခြောက်ရက်ရှိပြီဗျ။ သူတို့ ပိုက်လှေသုံးစီး အခုတစ်လောရလိုက်ကြတာ။ သူများတွေမရတုန်း သူတို့ကရတော့ ဈေးကောင်းမိတာပေ့ါဗျာ။ ရွှေနဲ့ငွေနဲ့တောင်ဖြစ်နေကြပြီ။ အဲဒါ ကျွန်တော့်မိန်းမကလဲ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်တို့ရှာတာမရလို့ပေ့ါဗျာ။ ကျွန်တော်လဲ စိတ်ပေါက်ပေါက်နဲ့ ဒီလောက်ဖြစ်လှတာ နင့်ဟာနင် ပိုက်ဆွဲလိုက်တော့လို့ ပြောတော့ ရန်ဖြစ်ခဲ့ရသေးတယ်"

စိန်ကုလားအပြောကြောင့် ဖိုးနီပြုံးမိတော့သည်။

"အေး ဟုတ်တယ်ကွ။ ငါလဲ မကျင်ငွေပြောမှ သိရတာ။ သူတို့မိန်းမတွေ ကြော့လို့မော့လို့ဖြစ်နေတာ။ မကျင်ငွေခမျာ မနာလိုဖြစ်ပြီး ဆတ်ဆတ်ကိုခါနေတာပဲ။ ဒါပေမဲ့ ဘယ်တတ်နိုင်ပ့ါမလဲကွာ။ ငါတို့လဲ ကြိုးစားပြီးရှာတာပဲ။ မရတာတော့ မတတ်နိုင်ဘူးဟေ့"

"အစ်မ မနာလိုဖြစ်တာလဲ အပြစ်မပြောနဲ့ အစ်ကိုရ။ ကျွန်တော့်မိန်းမက ပြောတယ်။ ကိုလှဆောင်ရဲ့မိန်းမကပြောတယ်ဆိုပဲ။ ငါတို့က ပေါ်ဆန်းမွှေးမှစားတာ။ ကောက်ကြီးဆန်တောင်ကြမ်းလို့စားလို့မရဘူးတဲ့။ သူတို့တစ်ပုံသမားတွေကလဲ ကြွားနေကြတယ်။ ငါတို့ပိုက်သူကြီးက ထမင်းကျွေးရင် ပေါ်ဆန်းနဲ့ဝက်သားကွဆိုပဲ။ ကျွန်တော့်မိန်းမပြောလို့ သိရတာ"

ထိုအခါ ဖိုးနီသည် မိမိတို့လှေဝမ်းထဲ၌ ပါလာသော ထမင်းအိုးနှင့်ဟင်းချိုင့်ကို စိတ်မလုံစွာ လှည့်၍ကြည့်မိ၏။ ဖွင့်မကြည့်ပေမဲ့သိနေပါသည်။ ငစိန်ဆန်ထမင်းမာမာနှင့် ပုစွန်ဆိတ်ကလေး စုတ်ဖွားကြော်သာ ပါပေလိမ့်မည်။

"အေးကွာ လူတွေဟာသည်လိုပဲကွ။ နည်းနည်းများအဆင်ပြေလာပြီဆိုရင် အောက်ခြေလွတ်တတ်တာ သဘာဝပဲကွ။ အရင်တုန်းကစားခဲ့တဲ့ ငစိန်ဆန်မေ့သွားပြီပေ့ါကွာ။ ဒါပေမဲ့ ဆီးသီးသည်မဗျိုင်းလိုတော့ အကျမနာစေချင်ပါဘူး။ ဒါနဲ့စိန်ကုလားရ သူတို့ဘယ်ဘက်များသွားပြီးပိုက်ဆွဲကြတယ်ဆိုတာ မင်းသတင်းကလေးဘာလေးမရဘူးလား"

"သေသေချာချာတော့မသိဘူးအစ်ကိုရ။ သူတို့တစ်ပုံသမား ရွှေတုတ်တို့ပြောပုံအရတော့ လေးအိမ်တန်းဘက်လိုလို၊ မန်ကျည်းချောင်းဘက်လိုလို ပြောတာပဲ။ သည်ကောင်တွေက သိပ်လျှိုတယ်ဗျ၊ တိတိကျကျကို မပြောဘူး"

"အေးလေ ဒါကလဲ သဘာဝပါပဲကွာ။ ကိုယ့်စားကျက် သူများဘယ်အသိခံပ့ါမလဲ။ ကဲဟေ့ စကားကောင်းနေလိုက်တာ မြန်မြန်လှော်ဟေ့။ တို့လဲစောစောလေးပိုက်ဆွဲမှဲ့နေရာရောက်အောင်။ ဟိုကျမှပဲ ထမင်းစားတော့မယ်။ ငစိန်ဆန်မာမာလေးနဲ့ပေ့ါကွာ"

ဖိုးနီက တဟားဟားရယ်ရင်း လှေကို အမြန်လှော်လေတော့၏။

ယနေ့သည်လည်း ထုံးစံအတိုင်းပင်ဖြစ်တော့၏။ ဘယ်လိုပင်ကြိုးစား၍ပိုက်ဆွဲသော်လည်း ငါး၊ ပုစွန်ကမပါပေ။ ယခင်က သူတို့ယခုပိုက်ဆွဲမည့် တူးမြောင်းကမ်းခြေသည် ငါး၊ ပုစွန်တို့ အလွန်ပေါသောနေရာဖြစ်သော်လည်း ယခုမူ ငါးဖောင်ရိုးကလေးများ၊ ပုစွန်ဆိတ်ကလေးများသာ အနည်းငယ်ရလေ၏။ မကြာမီ ရေတက်ပေတော့မည်။ ထိုစဉ်-

"အစ်ကို ရှေ့နားမှာ ချုံနှစ်ချုံ၊ သုံးချုံလောက်ချထားတာတွေ့တယ်။ ရွာနဲ့လဲ ဝေးတယ်။ အဲဒီချုံတွေကို ဝိုင်းကြည့်ရအောင်ဗျာ။ ဆတ်ထုပ်ကြီးတွေ၊ ငါးဖယ်ကြီးတွေ ချုံထဲမှာရှိမှာ သေချာတယ်ဗျ"

စိန်ကုလား၏ပြောသံကြောင့် ဖိုးနီသည် စိန်ကုလားကို ငေး၍ကြည့်နေမိ၏။ ဟုတ်သည်။ သောင်စပ်တစ်လျှောက် သည်လောက်ငါးပုစွန်တွေပျောက်နေမှတော့ ထိုချုံတွေထဲရှိမှာ သေချာပါ၏။ ခိုအောင်းစရာနေရာကောင်းသည်မို့ ချုံကိုချောက်ထုတ်၍ ပိုက်ဖြင့်ဝိုင်းကာဖမ်းလျှင် အိမ်အပြန်မျက်နှာပန်းလှပေမည်။

ဖိုးနီ ခေါင်းကိုဖြည်းညင်းစွာခါ၏။ စိန်ကုလားဘယ်လိုဖြစ်ပါလိမ့်။ မိမိနှင့်အတူပိုက်ဆွဲလိုက်နေသည်မှာကြာပြီ။ သည်လိုသူတစ်ပါးပစ္စည်း မတရားယူရန်တစ်ခါမှမပြောစဖူး။ ယခုတော့ အိမ်အပြန်ဟန်ပုံမပေါက်တော့ ကြံမိကြံရာကြံတော့သည်ထင်မိ၏။

"မလုပ်ပါနဲ့စိန်ကုလားရယ် သူတို့လဲ သူတို့တစ်ဝမ်းတစ်ခါးအတွက် ချုံချထားရတာ။ တံငါအချင်းချင်း စည်းမဖောက်ချင်ပါနဲ့ကွာ။ သူများပါးစပ်ထဲက ထမင်းလုတ်ကို လုမစားကောင်းဘူးကွ။ တို့တစ်တွေဟာ ဘဝအကျိုးပေးမကောင်းခဲ့လို့ ဆင်းရဲတဲ့ဘဝကိုရောက်ခဲ့ရတယ်။ နေ့စဉ်နေ့တိုင်းလဲ အသက်တွေသတ်ပြီး ဝမ်းစာရှာရတယ်။ အကုသိုလ်များပြီးသားကွ။ အဲဒီအထဲ ထပ်ပြီးသူတစ်ပါးပစ္စည်းခိုးရဂုဏ်ရအုံးမယ်ဆိုရင် ဘယ်ဖြစ်တော့မှာလဲကွာ"

စိန်ကုလား ဘာမျှပြန်မပြော။ ခေါင်းကိုငုံ့ကာ ငြိမ်၍နေ၏။

"လူဆင်းရဲရင် ဆင်းရဲပါစေ အကျင့်စာရိတ္တတော့ အပျက်မခံနိုင်ဘူးကွာ။ တို့မှာရှိတာက အဲဒီရိုးသားမှုကလေးပဲကွ။ အဲဒီရိုးသားမှုကလေးမှမရှိတော့ရင် လူဖြစ်ကျိုး ဘယ်မှာလာနပ်တော့မှာလဲ။ ပြီးတော့ မင်းအဖေ ဘကြီးသာကျော်က ငါ့ကိုစိတ်ချလို့ မင်းကို

စာမျက်နှာ ၂၆ သို့ ➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၇၆၅ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၇၆၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် နှမ်း ၁၁ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နှမ်း ၇၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် တာကရား(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တာကရား(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တာကရား(ရှေ့) ကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# အားငယ်သူကို လက်ကမ်းကြို

\- အားငယ်သူ အားပေးလျက်<br>
တရားဆေးဖက် မေတ္တာပို၊<br>
လူသားတာဝန် မပျက်စတမ်း<br>
လက်ကမ်းကြိုဆို၊<br>
စာနာစိတ်လေး ရင်မှာခို<br>
အကြင်နာကို စိုက်ထူပေး၊<br>
ပရအကျိုးကို ရည်မျှော်မှန်း<br>
ထမ်းရွက်စို့လေး။

\- စေတနာ ဖြူစင်ဖွေးလို့<br>
နှလုံးသွေးတို့ ရှင်းသန့်စေ၊<br>
အတ္တမာန်တွေ မထောင်လွှား<br>
ရှောင်ရှားသင့်ပေ၊<br>
လူသားချင်း ချစ်သဒ္ဒါဝေ<br>
အပြစ်အနာတွေ ဆေးကြောရင်း၊<br>
ကရုဏာ စိတ်ထားကောင်းကို<br>
ကိန်းအောင်းစေမင်း။

\- မုဒိတာ နှလုံးသွင်းလို့<br>
အမုန်းကင်း လူတိုင်းအပေါ်၊<br>
ဒုက္ခရောက်သူ ဖေးကူမ<br>
လမ်းပြစဉ်နော်၊<br>
တန်ဖိုးရှိ လူသားမဟော်<br>
လူကောင်းလူတော် စိတ်ကိုထား၊<br>
လူ့ပြည်ရွာ ဘေးမသန်းတယ်<br>
အေးချမ်းစေသား။ ။

ရဲသွေးနီ(တက်ဝန်)

# မိုင်းလားမြို့နယ် (၂၄)မိုင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုင်းလား နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၂၄)မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် အင်ဂျင်နီယာဝန်ထမ်းများက (၂၄)မိုင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၆၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၁ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၄ သိန်း စုစုပေါင်း ငွေကျပ် ၁၇၄ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

➤ စာမျက်နှာ ၂၅ မှအဆက်

ငါ့ခြံဆီမှာအလုပ်လုပ်ခိုင်းတာ။ တစ်ခုခုဖြစ်ရင် လူကြီးဖြစ်တဲ့ငါလဲမကောင်းဘူး။ မင်းလဲ ရွာထဲမှာဘယ်လိုမျက်နှာပြမလဲ။ ကဲ ကဲ ရေတောင်အတော်တက်လာပြီ ပိုက်သိမ်းမယ်ဟေ့။ ရသမျှကလေး မနက်ဈေးအမီပို့ရအောင် ပြန်မယ်ဟေ့"

ညက အိမ်အပြန်နောက်ကျခဲ့၏။ သို့ဖြစ်၍ အိပ်ရာဝင်နောက်ကျခဲ့သော ဖိုးနီသည် မည်မျှကြာကြာအိပ်ပျော်ခဲ့သည်မသိ။ တဒုန်းဒုန်းနှင့် မီးဖိုချောင်ထဲမှာ ငရုတ်သီးထောင်းသံများကြောင့် နိုးလာခဲ့သည်။ တစ်ဆက်တည်းမှာပင် အိုးခွက်ပန်းကန်များဆေးကြောနေသံများ ကြားရသဖြင့် မကျင်ငွေပင် ဈေးကပြန်ရောက်နေပြီး နံနက်စာအတွက် ချက်ပြုတ်ပြင်ဆင်နေပြီဟု သိလိုက်ရ၏။

ထိုအခိုက် အိမ်ပေါ်သို့တက်လာသော ခြေသံနှင့်အတူ–

"အစ်မ အစ်မ အစ်ကိုမနိုးသေးဘူးလား"

စိန်ကုလား၏ အလောတကြီးမေးသံကိုကြားလိုက်ရ၍ ဘာကိစ္စများပါလိမ့်ဟု အသာနားကိုစွင့်မိ၏။

"အေး မနိုးသေးဘူး စက်တော်ခေါ်နေတုန်းပဲ။ ညက နင်တို့ရွာလာတာတွေကများတော့ ပင်ပန်းနေမှာပေါ့"

မကျင်ငွေက အရွဲ့တိုက်၍ပြော၏။ မကျင်ငွေသည် ယခုတစ်လောဖိုးနီကိုသာမက တစ်ပုံသမားစိန်ကုလားကိုပင် သိပ်ပြီးကြည့်မရ။ ငါးမရဘူး မဟုတ်ပါလား။

"ရွာလူကြီးအိမ်မှာ မန်ကျည်းချောင်းက အင်းသူကြီးနဲ့ လူတော်တော်များများရောက်နေတယ်ဗျ"

"အဲဒါဘာဖြစ်သလဲ။ ငါတို့နဲ့ ဘာဆိုင်သလဲဟဲ့"

မကျင်ငွေက ဘုဆတ်ဆတ်ပြောလေ၏။ အိမ်ခန်းထဲမှဖိုးနီ မနေသာတော့ အိမ်ရှေ့ဘက်သို့ထွက်လာရင်း–

"စိန်ကုလား ဘာတွေဖြစ်တာလဲကွ ပြောစမ်းပါအုံး"ဟု မျက်နှာမသစ်နိုင်သေးဘဲ စိန်ကုလားအနား ဝင်၍ထိုင်ကာမေး၏။

"ကိုလှဆောင်တို့ ပိုက်လှေသုံးစီးပေ့ါအစ်ကိုရာ။ မန်ကျည်းချောင်းဘက်က လေလံဆွဲထားတဲ့ အင်းချောင်းထဲဝင်ပြီး ပိုက်ခိုးဆွဲတာရယ်၊ သူများတကာချထားတဲ့ချုံတွေ ဝိုင်းပြီးငါးဖမ်းတာရယ် မိလာလို့ ရွာသားတွေဖမ်းလာပြီး အပ်တာဗျ။ ကျေနပ်အောင် လျော်ကြေးမပေးရင် အမှုဖွင့်မယ်လို့ ပြောသံကြားရတယ်ဗျ။ အဲဒါ ဝိုင်းပြီးတောင်းပန်နေကြလေရဲ့"

စိန်ကုလား၏စကားအဆုံးတွင် ဖိုးနီ အလွန်အံ့အားသင့်မိတော့၏။ သည်ပုံဆိုလျှင် ရှင်းဖို့မလွယ်။

"မင်းဟာ ကျိန်းသေရဲ့လား စိန်ကုလားရယ်"ဟု လေးလေးပင်ပင် မေးမိတော့သည်။

"သေချာတာပေ့ါအစ်ကိုရာ ကိုလှဆောင်တို့၊ ကိုရွှေဖောင်တို့မိန်းမတွေတောင် ရှက်လွန်းလို့ဆိုပြီး လူးလိမ့်ငိုလိုက်၊ ရင်ဘတ်ကို ထုထုပြီး ငိုလိုက်နဲ့ စားထားတဲ့မနက်စာထမင်းတောင် အတော့်လိုက်အန်ပါရောလား။ တတ်လဲတတ်နိုင်တဲ့မိန်းမတွေ သူတို့လင်တွေကို မြှောက်တုန်းက မြှောက်ပေးပြီး အခုမှ..."ဟု မကျေနပ်သံဖြင့်ပြော၏။

"ကဲ အဲဒါပဲ စိန်ကုလားရဲ့။ မိမိလုပ်တဲ့ ကောင်းမှု၊ မကောင်းမှုက မိမိကို ပြန်ပြီးအကျိုးပေးတာပဲကွ။ ဒါကြောင့် မတရားရှာလို့ရလာတဲ့ ငွေနဲ့ဝယ်စားရတဲ့ ပေါ်ဆန်းမွှေးထမင်းထက် ရိုးရိုးသားသားရှာဖွေပြီး စားရတဲ့ ငစိန်ဆန်က ပိုပြီးအစာကြေပါတယ်ကွာ။ ဘယ်တော့မှ ပြန်မအန်ဘူးကွ"

ဖိုးနီက မကျင်ငွေ၏မျက်နှာကို စေ့စေ့ကြည့်၏။ မကျင်ငွေ ပြိုင်၍ မကြည့်ရဲ။ မျက်လွှာချကာ ခေါင်းငုံ့လျက်။

သူမှားခဲ့ပြီမဟုတ်လား။

# တရုတ်နိုင်ငံ၏ အဆင့်ဆင့်ပြောင်းလဲလာသည့် လုံခြုံရေးဆိုင်ရာယူဆချက်

မကြာသေးသည့်နှစ်များအတွင်းတွင် တရုတ်နိုင်ငံသည် နိုင်ငံ၏အကျိုးစီးပွားများ၊ ကျယ်ပြန့်သည့် အမျိုးသားလုံခြုံရေးအယူအဆများကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောကြားခဲ့သည်။ ပါတီခေါင်းဆောင်များက အမျိုးသားလုံခြုံရေးကို သမားရိုးကျနှင့်သမားရိုးကျမဟုတ်သည့် ပြည်တွင်းနှင့်ပြည်ပခြိမ်းခြောက်မှုများ၊ ပြည်တွင်းတည်ငြိမ်မှုအပေါ် ပြည်ပလွှမ်းမိုးမှု၏ အဟန့်အတားဖြစ်စေမှုနှင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများပါဝင်သည့် အထိစိစစ်ဖော်ထုတ်ထားသည်။ ၎င်းဖော်ထုတ်မှုများသည် ခေါင်းဆောင်ကြီးမော်စီတုံးလက်ထက်မှ မျက်မှောက်ကာလအထိ လွှမ်းခြုံလျက်ရှိနေသည်။

**မော်စီတုံးလက်ထက်ယူဆချက်**

မော်စီတုံးလက်ထက်တွင် တရုတ်နိုင်ငံ၏ လုံခြုံရေးအယူအဆသည် စစ်ရေးစွမ်းအားအပေါ် ဗဟိုပြုထားသည်။ ပြည်တွင်းအခြေအနေမှာ ကူမင်တန်တို့ကိုနှိမ်နင်းရန်ဖြစ်ပြီး ပြည်ပအနေဖြင့် ကိုရီးယားစစ်ပွဲတွင်ပါဝင်နေခဲ့သည်။ ထို့နောက် အိန္ဒိယ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗီယက်နမ်တို့နှင့် နယ်စပ်စစ်ပွဲများဖြစ်ပွားခဲ့သည်။ ထိုကာလအတွင်းက မော်စီတုံး၏ လုံခြုံရေးအယူအဆမှာ ခိုင်မာအားကောင်းသည့် နိုင်ငံတော်ကာကွယ်ရေးတပ်ဖွဲ့တည်ဆောက်ရန်၊ နယ်ပယ်အားလုံးရှိ နိုင်ငံအချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသားအကျိုးစီးပွား ခိုင်မာအားကောင်းဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။ မော်စီတုံးသည် ကိုရီးယားစစ်ပွဲတွင်ပါဝင်ပြီးနောက် စစ်ရေးစွမ်းအား၏အရေးပါမှုကိုပိုမိုနားလည်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့်သာ စစ်ရေးစွမ်းအားဖွံ့ဖြိုးနိုင်သောကြောင့် ကာကွယ်ရေးအသုံးစရိတ်ကို ယာယီလျှော့ချကာ စီးပွားရေးကိုတည်ဆောက်ခဲ့သည်။ ထိုကာလအတွင်း အဓိကလုံခြုံရေးဆိုင်ရာဦးတည်ချက်မှာ သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကိုဖြေရှင်းရန်၊ နိုင်ငံပိုင်နက်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြည်ပရန်သူများက ခြိမ်းခြောက်မှုကိုကာကွယ်ရန်နှင့် ကူမင်တန်လက်ကျန်များကိုမောင်းထုတ်ရန်ဖြစ်သည်။

**တိန့်ရှောင်ဖိန်လက်ထက်ယူဆချက်**

တိန့်ရှောင်ဖိန်လက်ထက် လုံခြုံရေးအယူအဆမှာ စီးပွားရေးတိုးတက်မှုအပေါ် အခြေခံခဲ့သည်။ ၎င်းက ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ပြီး ကြီးမားသည့်ကမ္ဘာစစ်ဖြစ်ပွားနိုင်မည် မဟုတ်ဟု ယူဆခဲ့သည်။ ထို့ကြောင့် တိန့်ရှောင်ဖိန်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့်သာ အမျိုးသားကာကွယ်ရေးစွမ်းအားကိုတည်ဆောက်ရမည်၊ စီးပွားရေးကိုဦးစွာတည်ဆောက်ပြီးမှသာ ကျန်ရှိသည့်အရာများ လုပ်ဆောင်မည်ဟုမူဝါဒချမှတ်ခဲ့သည်။ စစ်အေးတိုက်ပွဲကာလပြီးဆုံးပြီးနောက် တရုတ်၏လုံခြုံရေးအကျိုးစီးပွားသည် နိုင်ငံတော်ရှင်သန်လွတ်မြောက်မှုမှ စီးပွားရေးလုံခြုံမှုဆီသို့ ပြောင်းလဲသွားခဲ့ပြီး တပ်မတော်၏အခန်းကဏ္ဍမှာလည်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် သို့မဟုတ် ထိခိုက်စေသည့် စစ်ပွဲအားလုံးတားဆီးရေးအပေါ် အလေးထားခဲ့သည်။ ထို့နောက် ငြိမ်းချမ်းသည့် ကမ္ဘာ့ဝန်းကျင်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ဖြင့် စစ်ရေးစွမ်းရည် ခေတ်မီအဆင့်မြှင့်တင်ရေးဟူသည့် တိန့်ရှောင်ဖိန်၏ လုံခြုံရေးအယူအဆသည် တရုတ်မူဝါဒ၏ အဓိကအချက်ဖြစ်လာခဲ့သည်။

**ကျန်ဇီမင်းလက်ထက်ယူဆချက်**

ကျန်ဇီမင်းလက်ထက်တွင် လုံခြုံရေးအယူအဆသစ်အဆိုပြုခဲ့သည်။ ၁၉၉၇ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သည့် တရုတ်-ရုရှား ပူးတွဲကြေညာချက်တွင် ပါရှိသည့် အမျိုးသားလုံခြုံရေးအယူအဆသစ်ကို ပထမဆုံးအကြိမ်အဖြစ် တရားဝင်အသုံးပြုခဲ့သည်။ နိုင်ငံများကြားဖြစ်ပွားသည့် ပြဿနာများနှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရမည်၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုတပ်ဖွဲ့ သို့မဟုတ် တပ်အင်အားဖြင့် ခြိမ်းခြောက်မှုမပါရှိဘဲဆွေးနွေးမှုနှင့် ညှိနှိုင်းမှုအပေါ်အခြေခံသည့် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု တည်ဆောက်ခြင်းဖြင့် ဖြေရှင်းရမည်ဟုဆိုသည်။ ဤကြေညာချက်ကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် တိန့်ရှောင်ဖိန်




သေဆုံးပြီးမကြာမီထုတ်ပြန်ခဲ့သည်။ သို့သော်လည်း လုံခြုံရေးအယူအဆ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်ပုံဖော်မှုကို ၁၉၉၉ ခုနှစ် မတ်လတွင် ဂျီနီဗာ၌ပြုလုပ်သည့် လက်နက်ဖျက်သိမ်းရေးညီလာခံတွင် သမ္မတကျန်ဇီမင်းကကြေညာခဲ့သည်။ ကျန်ဇီမင်းက လုံခြုံရေးအယူအဆသည် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးရှိမှု၊ တန်းတူရည်တူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသင့်သည်ဟု ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးမူကြီး ငါးရပ်သည် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအတွက် နိုင်ငံရေးအုတ်မြစ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ဟူကျင်တောင်လက်ထက်ယူဆချက်**

သမ္မတဟူကျင်တောင်လက်ထက် လုံခြုံရေးအယူအဆသည် ကျန်ဇီမင်း၏အယူအဆကို ဆက်လက်ကျင့်သုံးခြင်းဖြစ်သည်။ ဟူကျင်တောင်သည်လည်းကျန်ဇီမင်းချမှတ်ခဲ့သည့် မူဝါဒများကို ကျင့်သုံးသည်။ သို့သော်လည်း နိုင်ငံတကာဝန်းကျင်က ပြောင်းလဲလျက်ရှိပြီး ပြည်တွင်း၌လည်း လူမှုရေးဆိုင်ရာမကျေနပ်မှုများလည်း တိုးမြင့်လာသောကြောင့် အဓိကရုဏ်းများကိုနှိမ်နင်းရန်နှင့် မမျှော်မှန်းနိုင်သည့် မတော်တဆမှုများဖြေရှင်းရန် လက်နက်ကိုင်ရဲတပ်ဖွဲ့နှင့်လုံခြုံရေးအဖွဲ့အစည်းများ၏ စွမ်းရည်တိုးတက်ကောင်းမွန်ရန် မဖြစ်မနေလိုအပ်လာခဲ့သည်။ ထိုအခြေအနေများကြောင့် တရုတ်ခေါင်းဆောင်များက စစ်ရေးစွမ်းရည်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုသော်လည်း ၎င်းအနေဖြင့် နိုင်ငံတကာအစီအစဉ်ထိန်းသိမ်းရန်နှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုလုပ်ဆောင်ရန် စိတ်အားထက်သန်သည်ဟု ပြင်ပကမ္ဘာသို့ဖော်ပြခဲ့သည်။

၂၀၀၄ ခုနှစ်တွင် သမ္မတဟူကျင်တောင်က ရာစုနှစ်သစ်တွင် တရုတ်တပ်မတော်၏ သမိုင်းဝင်ရည်မှန်းချက်သစ်များသည် စစ်ရေးတာဝန်အပြင် အမျိုးသားအကျိုးစီးပွားများကာကွယ်စောင့်ရှောက်ရန်အတွက် ခိုင်မာအားကောင်းသည့် မဟာဗျူဟာမြောက်ပံ့ပိုးမှုကိုလုပ်ဆောင်ရမည်ဟုဖော်ပြခဲ့ပါသည်။

**သမ္မတရှီကျင့်ဖျင်လက်ထက်ယူဆချက်**

သမ္မတရှီကျင့်ဖျင်လက်ထက် လုံခြုံရေးအယူအဆသည်လည်း ကျန်ဇီမင်း၏ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးရှိမှု၊ တန်းတူရည်တူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံအားဖြင့် ဆက်လက်ကျင့်သုံးခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၁၄ ခုနှစ် ဧပြီ ၁၄ ရက်တွင်ပြုလုပ်သော ဗဟိုအမျိုးသားလုံခြုံရေးကော်မရှင် အစည်းအဝေးတွင် သမ္မတရှီကျင့်ဖျင်က ပြီးပြည့်စုံသည့်အမျိုးသားလုံခြုံရေးအယူအဆကိုမိတ်ဆက်ခဲ့သည်။ ၎င်းအယူအဆမှာ ပြည်ပလုံခြုံရေး၊ ပြည်တွင်းလုံခြုံရေး၊ အစဉ်အလာနှင့် အစဉ်အလာမဟုတ်သောလုံခြုံရေး၊ စစ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ ဂေဟစနစ်၊ သဘာဝအရင်းအမြစ်နှင့် နျူကလီးယားလက်နက်တို့နှင့်ပတ်သက်၍ အရေးကြီးမှုကို ထည့်သွင်းထားသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းရေးကို လုံလောက်စွာဖြေရှင်းနိုင်ခြင်းမရှိလျှင် နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်သက်ရောက်မှု ရှိလိမ့်မည်၊ နိုင်ငံတကာအရေးအခင်းများကို ထိရောက်စွာမဖြေရှင်းနိုင်လျှင် ပြည်တွင်းရေးတွင် ပိုမိုဆိုးရွားစေလိမ့်မည်ဟု ရှီကျင့်ဖျင်က ပြောကြားခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မေလတွင် ရှီကျင့်ဖျင် အဆိုပြုခဲ့သည့် အာရှလုံခြုံရေးအယူအဆမှာ ဂျပန်-အမေရိကန် ဆက်ဆံရေးခိုင်မာအားကောင်းလာမှုကို တုံ့ပြန်ရေးနှင့် တရုတ်အပေါ်ခြိမ်းခြောက်သည့် သီအိုရီကိုငြင်းပယ်ရန်ဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ (၁၈)ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးတွင်လည်း အမျိုးသားလုံခြုံရေးကော်မရှင်ဖွဲ့စည်းမှုသည် အမျိုးသားလုံခြုံရေးစနစ်နှင့် မဟာဗျူဟာတိုးတက်ကောင်းမွန်စေရန်၊ နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို အာမခံနိုင်ရန်ပါဝင်ခဲ့သည်။

တရုတ်နိုင်ငံသည် သီးခြားဖိအားပေးမှုနှစ်ခုကို ရင်ဆိုင်နေရကြောင်း၊ တစ်ခုမှာပြင်ပမှဖြစ်ပြီး နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လုံခြုံမှု၊ အကျိုးစီးပွားထိန်းသိမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် သက်ဆိုင်ကြောင်း၊ အခြားတစ်ခုမှာနိုင်ငံရေးနှင့် လူမှုရေးတည်ငြိမ်မှုတို့နှင့် သက်ဆိုင်ကြောင်း ရှီကျင့်ဖျင်ကပြောကြားခဲ့သည်။ အမျိုးသားလုံခြုံရေးကိုဖြေရှင်းသည့် လက်ရှိအဖွဲ့အစည်းများသည် အမျိုးသားလုံခြုံရေးကိုထိန်းသိမ်းရန် တောင်းဆိုချက်များကိုချမှတ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ညီညွတ်သည့် ဦးဆောင်မှုအောက်တွင် အမျိုးသားလုံခြုံရေးစီမံမည့် အင်အားကောင်းသည့်အဖွဲ့အစည်းတစ်ခုသည် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့သည် အမျိုးသားလုံခြုံရေးနှင့်ပတ်သက်၍ အလေးပေးမှုနှင့် ဦးဆောင်မှုခိုင်မာအားကောင်းစေရန် အမျိုးသားလုံခြုံရေးကော်မရှင်ကို ချက်ချင်းဖွဲ့စည်းရမည်ဟု ပြောကြားခဲ့သည်။ အမျိုးသားလုံခြုံရေးကော်မရှင်၏ အဓိကတာဝန်သည် အမျိုးသားလုံခြုံရေးမဟာဗျူဟာဖော်ဆောင်ရန်၊ အမျိုးသားလုံခြုံရေးနှင့် ပတ်သက်၍ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရန်၊ အမျိုးသားလုံခြုံရေးနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ရန်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များအားသုတေသနပြုရန်နှင့်ဖြေရှင်းရန်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်က ပြုလုပ်သည့် Boao Forum for Asia (BFA) နှစ်ပတ်လည်ညီလာခံတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာလုံခြုံရေး ပဏာမအစီအစဉ် (Global Security Initiative–GSI) ကို၎င်း၏အဓိကမိန့်ခွန်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ ပဏာမခြေလှမ်း၏ အခြေခံမှုများနှင့်အညီ တရုတ်နိုင်ငံသည် နိုင်ငံတကာနှင့်ဒေသတွင်းအရေးကိစ္စများကို နိုင်ငံရေးအရ ဖြေရှင်းရန် တက်ကြွစွာထောက်ခံအားပေးခဲ့သည်။ လုံခြုံရေးပဏာမခြေလှမ်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏အခြေခံမှုများကိုလိုက်နာရန်နှင့် နိုင်ငံအားလုံး၏ တရားဝင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လေးစားလိုက်နာရန်အရေးကြီးကြောင်းအလေးပေးဖော်ပြထားသည်။ မှတ်သားဖွယ်အချက်မှာ တရုတ်နိုင်ငံ၏လုံခြုံရေးပဏာမခြေလှမ်းသည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများထံမှ ပံ့ပိုးကူညီမှုရရှိထားသည်။

အချုပ်ဆိုရလျှင် တရုတ်နိုင်ငံသည် ပြည်တွင်းနိုင်ငံရေးနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများအပေါ် လုံခြုံရေးအယူအဆများ ဖော်ထုတ်ကျင့်သုံးလာခဲ့ကြောင်းတွေ့ရှိရသည်။ မော်စီတုံးလက်ထက်နှောင်းပိုင်းကာလများမှစ၍ လုံခြုံရေးအတွက် စီးပွားရေး၏အရေးပါမှုကို ထည့်သွင်းဖော်ပြလာခဲ့ကြောင်း တွေ့ရှိရသည်။ တရုတ်နိုင်ငံ၏ နောက်ဆုံးလုံခြုံရေးအယူအဆဖြစ်သည့် GSI သည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နယ်ပယ်နှစ်ခုလုံးတွင် လုံခြုံရေးဆိုင်ရာကြိုးပမ်းမှုများ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ကြောင်းကိုအလေးပေးကာ နိုင်ငံအချင်းချင်း အငြင်းပွားမှုများကိုဖြေရှင်းရန် အဓိကနည်းလမ်းအဖြစ် ငြိမ်းချမ်းသောဆွေးနွေးညှိနှိုင်းမှုနှင့်တိုင်ပင်ဆွေးနွေးမှုကို ထောက်ခံအားပေးထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံ၏လုံခြုံရေးအယူအဆသည်အပြန်အလှန်လေးစားမှု၊ ပွင့်လင်းမှုနှင့်အားလုံးပါဝင်နိုင်မှု၊ နိုင်ငံစုံဝါဒ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးစီးပွားကိုဟန်ချက်ညီစေသည့်အခြေခံမှုများဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- NIDS China Security Report 2014, National Institute for Defense Studies, Japan,2015,
- Global Security Initiative: Promoting world peace and stability, CGTN, April 2024

မောင်ဝေလွမ်း(သုတေသီ)

# အင်ဒိုနီးရှားနိုင်ငံတွင် လာကီ-လာကီမီးတောင် ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့



**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဖလော်ရက်စ်ကျွန်းတွင် နိုဝင်ဘာ ၃ ရက်က လာကီ-လာကီမီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင်လည်း လာကီ-လာကီမီးတောင်သည် ပေါက်ကွဲမှုထပ်မံ ဖြစ်ပွားခဲ့ကြောင်း National Agency for Disaster Counter-measure (BNPB) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာ ၃ ရက်တွင် ပထမအကြိမ် မီးတောင်ပေါက်ကွဲစဉ်က ဒေသခံ ကိုးဦးထိ သေဆုံးခဲ့ပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ပထမအကြိမ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ၅၇ ရက်အတွင်း အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထား၍ ဒုတိယအကြိမ်မီးတောင်ပေါက်ကွဲချိန်တွင် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း ဖလော်ရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နိုဝင်ဘာ ၇ ရက်မှာ လာကီ-လာကီမီးတောင်ဟာ ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ ပထမအကြိမ် ပေါက်ကွဲခဲ့စဉ်ကတည်းက ဒေသခံတွေ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့တဲ့အတွက် ဒုတိယအကြိမ်ပေါက်ကွဲမှုမှာတော့ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ပါဘူး"ဟု BNPB မှ အကြီးအကဲဖြစ်သူ ဆူဟာယန်တိုက ပြောကြားခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် ပေါက်ကွဲမှုတွင် ရှစ်ကြိမ်တိုင်တိုင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်အတွက် အရေးပေါ်ကာလကို တိုးမြှင့်သွားရဖွယ်ရှိနေပြီး မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များ မီးတောင်အထက် မီတာ ၈၀၀၀ ကျော်ထိပျံ့နှံ့ခဲ့ကာ မီးတောင်ပေါက်ကွဲမှုပြင်းအားများခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဂျပန်နိုင်ငံ ဖူဂျီတောင်ပေါ်တွင် နှင်းများကျဆင်းနေမှုကို နှစ်ပေါင်း ၁၃၀ အတွင်း ပြန်လည်မြင်တွေ့ခဲ့ရ

**တိုကျို နိုဝင်ဘာ ၈**

ဂျပန်နိုင်ငံ ဖူဂျီတောင်ပေါ်တွင် နိုဝင်ဘာ ၇ ရက်က နှင်းများ ကျဆင်းနေမှုကို နှစ်ပေါင်း ၁၃၀ အတွင်း ပြန်လည်မြင်တွေ့ခဲ့ရသည်ဟု နိုင်ငံပိုင်မိုးလေဝသ အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆီးနှင်းများသည် ယခင်ကထက် နှေးကွေးသောအရှိန်ဖြင့် ကျဆင်းနေခဲ့ကြောင်း၊ နှင်းကျဆင်းပြီး ဖူဂျီတောင်ထိပ်ကို နှင်းများဖုံးလွှမ်းမှုမှာ ၁၈၉၄ ခုနှစ်က တစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ်တွင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှင်းကျဆင်းကာ ဖူဂျီတောင်ထိပ်ကို နှင်းများဖုံးလွှမ်းမှုမှာ ၁၈၉၄ ခုနှစ်က နောက်ဆုံးဖြစ်ကြောင်း၊ ယခုနှစ်တွင် နှင်းများကျဆင်းလာခြင်းက မည်သည့်အကြောင်းရင်းကြောင့်ဆိုသည်ကို စုံစမ်းဆဲဖြစ်ကြောင်း၊ အပူချိန်



မြင့်တက်လာမှုက နှင်းကျဆင်းမှုကို ကမောက်ကမဖြစ်စေကြောင်း ယခုနှစ် အောက်တိုဘာလက ပြုလုပ်ခဲ့သည့်ဖူဂျီထိပ်သီးအစည်းအဝေးမှာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံ၏ အပူဆုံးနွေရာသီသည် ဇွန်လမှ ဩဂုတ်လထိဖြစ်ပြီး ဂျပန်တစ်နိုင်ငံလုံးအပူချိန်သည် ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်ထက် ၁ ဒသမ ၇၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံ ကန်မိုးမြို့ရှိ ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများကို ပြန်လည်အဆင့်မြှင့်တင်နေ

**အော့တဝါ နိုဝင်ဘာ ၈**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်ရှိ ကန်မိုးမြို့တွင် ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးများကိုတည်ဆောက်ထားသော်လည်း နှစ်စဉ်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ရေဘေးအန္တရာယ်အတားအဆီးများနှင့် ရေကာတာများ ပျက်စီးယိုယွင်းလာမှုကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်နေကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကန်မိုးမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားတိုင်း အဓိကအခက်အခဲမှာ အမှိုက်သရိုက်များ၊ သစ်ကိုင်းများနှင့် ကျောက်တုံးကျောက်ခဲများ ရေစီးနှင့်အတူမျောပါလာခြင်းကြောင့် လူနေအိမ်များ ပျက်စီးမှု များပြားခဲ့ကြောင်း၊ ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးများ ပြန်လည်မွမ်းမံအဆင့်မြှင့်တင်မှုအတွက် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇ သန်းထိအသုံးပြုရန် လျာထားပြီး ၎င်းအနက် အမေရိကန်ဒေါ်လာ ၄၆ သန်းကို အယ်ဘတ်တာပြည်နယ်အစိုးရက ပံ့ပိုးပေးမည်ဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

"ကန်မိုးမြို့ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးတွေ ပြန်လည်မွမ်းမံအဆင့်မြှင့်တင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် မိုးရာသီကာလ မတိုင်မီ အပြီးသတ်ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ရေရှည်တည်တံ့နိုင်မဲ့ အတားအဆီးဖြစ်စေဖို့အတွက် ဘတ်ဂျက်တွေသုံးစွဲသွားမှာဖြစ်ပါတယ်။ တချို့နေရာတွေမှာတော့ အဆင့်မြှင့်တင်မှုကို စတင်နေပြီဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ယခုနှစ်သည် ကမ္ဘာ့သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံး နှစ်တစ်နှစ်ဖြစ်လာနိုင်

**ဘာရုပ်ဆဲလ် နိုဝင်ဘာ ၈**

ဘယ်လ်ဂျီယံနိုင်ငံတွင်အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့ အစည်းလက်အောက်ခံ Coperni-cus Climate Change Service (C3S) အဖွဲ့အစည်းမှ သုတေသီများက ယခုနှစ်အတွင်း အပူချိန်မြင့်တက်မှုနှင့် ပတ်သက်ပြီး စစ်တမ်းများ ကောက်ယူခဲ့ရာ ယခုနှစ်သည် ကမ္ဘာ့သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသော နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စစ်တမ်းများကောက်ယူထားသောအချက်အလက်များကို နိုဝင်ဘာ ၁၁ ရက်၌ အဇာဘိုင်ဂျန်နိုင်ငံတွင်ကျင်းပမည့် COP29 ညီလာခံတွင် တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ Copernicus Climate Change Service (C3S) အဖွဲ့အစည်းသည် ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သောအပူချိန်ပမာဏများကို စစ်တမ်းကောက်ယူထားခြင်းဖြစ်ပြီး မြင့်တက်ခဲ့သောအပူချိန်ပမာဏအရ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အလုမ်းဝေးနေဆဲဖြစ်ကြောင်း C3S အဖွဲ့အစည်းက သုံးသပ်ခဲ့သည်။

"ဒီနှစ်အတွင်း အပူချိန်မြင့်တက်မှု အခြေအနေကို စစ်တမ်းတွေ ကောက်ယူထားပါတယ်။ စစ်တမ်းတွေအရ ကမ္ဘာ့သက်တမ်းတစ်လျှောက်မှာ အပူချိန်အမြင့်ဆုံး နှစ်တစ်နှစ်ဖြစ်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုဟာ တိုက်ကြီးအလိုက်မြင့်တက်ခဲ့သလို သမုဒ္ဒရာတိုင်းမှာလဲဖြစ်ပေါ်ခဲ့တယ်။ မြင့်တက်ခဲ့တဲ့အပူချိန်ပမာဏဟာလဲ စံချိန်တင်ပမာဏတစ်ရပ်ဖြစ်တဲ့အတွက် စိုးရိမ်ဖွယ်ရာအခြေအနေပါ"ဟု C3S အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သူ ဘွန်တမ်ပိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးကြောင့် လူနေအိမ် ၁၃၂ လုံး ပျက်စီးပြီး လူဦးရေ ၁၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် နိုဝင်ဘာ ၆ ရက်က စတင်လောင်ကျွမ်းခဲ့သော တောမီးကြောင့် လူနေအိမ် ၁၃၂ လုံး ပျက်စီးခဲ့ရကာ လူဦးရေ ၁၀၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးသည် ၄၈ နာရီအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပိုမိုပြင်းထန်ကာ ထိခိုက်ပျက်စီးမှုများခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးသည် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း ဗင်တူရာကောင်တီတွင် စတင်လောင်ကျွမ်းခဲ့ပြီး လက်ရှိတွင် ဧရိယာ ၃၂ စတုရန်းမိုင်ခန့်ထိ လောင်ကျွမ်းခဲ့ကြောင်း၊ တောမီး လောင်ကျွမ်းရသည့် အကြောင်းရင်းကို မသိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ပြည်နယ် မီးသတ်တပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

တောမီးလောင်မှုအတွင်း လူ ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း၊ လူနေအိမ် ၁၃၂ လုံးအပြင် အခြားအဆောက်အအုံ ၈၈ လုံးပျက်စီးခဲ့ပြီး လူဦးရေ ၁၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ထုတ်ပြန်ပေးထားကြောင်း ဗင်တူရာကောင်တီရဲအရာရှိ ဂျိမ်းစ်ဖရိုင်ဟော့က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ



# ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ချဲလ်ဆီးအသင်း၊ ဖရန့်ဖတ်အသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML




လက်ရှိအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီဝက်ကာလ ပြီးဆုံးဖို့နီးကပ်လာတာကြောင့် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာတာကို တွေ့ရမှာပါ။ ရာသီဝက်ကာလနီးလာချိန်မှာ ဒဏ်ရာရကစားသမားများလာမှုကလဲ စုဖွဲ့မှုအားနည်းတဲ့ အသင်းတွေအတွက် ထိုးနှက်ချက်ဖြစ်နေသလို အသင်းကြီးတွေအနေနဲ့လဲ ဒဏ်ရာရ ကစားသမားများလာတာကြောင့် ရာသီဝက်ချန်ပီယံဖြစ်ဖို့ အခွင့်အရေးကို လက်လွှတ်ရမဲ့အခြေအနေဖြစ်နေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာတော့ အသင်းကြီးတွေ့ဆုံမှုမှာ အိမ်ကွင်းအားသာချက်နဲ့ အစဉ်အလာပိုင်းအသာရတဲ့ အသင်းတွေသာ အနိုင်ရခဲ့ပေမဲ့ စီးရီးအေက နာပိုလီတစ်သင်းသာ အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့မှာလဲ အသင်းကြီးတွေ့ဆုံ မှုမှာ အိမ်ကွင်းအားသာချက်နဲ့ လက်ရှိခြေစွမ်းပိုင်း ထက်မြက်နေတဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ည ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ချဲလ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပွဲမှာ မန်ယူအသင်းကို အဝေးကွင်းသွားရောက် ကစားခဲ့ရပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့တာကြောင့် ရမှတ်ခွဲယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လူငယ်ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် မလိုအပ်ဘဲ ကစားပုံကြမ်းတမ်းမှုတွေက ပြိုင်ဘက်ကို အခွင့်အရေးပိုပေးနေရသလို လက်ရှိအချိန်ထိလဲ ကစားသမားအားလုံးပေါင်း အဝါကတ်ပြသခံရမှုက ၂၆ ကြိမ် ကျော်လာခဲ့တာကို သတိပြုရမှာပါ။ နည်းပြမာရက်စ်ကာရဲ့ ကစားကွက်ဟာ တိုက်စစ်ကောင်းမွန်ပေမဲ့ ခံစစ်ကစားပုံမှာတော့ လိုအပ်ချက်ရှိနေဆဲဖြစ်ပြီး လူငယ်တွေရဲ့စိတ်လိုက်မာန်ပါ လုပ်ဆောင်မှုတွေက ပြစ်ဒဏ်ကျူးလွန်မှုတွေဖြစ်နေတာကို တွေ့ရမှာပါ။ ချဲလ်ဆီးဟာ ၁၀ ပွဲအပြီးမှာ ရမှတ် ၁၈ မှတ်နဲ့ အဆင့်(၄) မှာရောက်နေတာကြောင့် အာဆင်နယ်နဲ့ပွဲမှာ ရမှတ်ရှာဖွေနိုင်မှသာ အဆင့်(၄) မှာ ဆက်လက်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားသာချက်နဲ့ အာဆင်နယ်ကို ဖိအားပေးဖို့ ကြိုးစားလာမှာပါ။

အာဆင်နယ်အသင်းဟာ ရာသီအစမှာ ပုံစံကောင်းရခဲ့ပေမဲ့ အဓိကကစားသမားတွေ ဒဏ်ရာရပွဲပယ်ခဲ့ပြီးနောက်ပိုင်း အမှတ်ပေးပွဲ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရမှတ် ၁၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၅) မှာချဲလ်ဆီးအသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ ရောက်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ ကွင်းလယ်က ဒီကလန်ရိုက်နဲ့ အိုဒီဂတ်တို့ ဒဏ်ရာရနေတာကြောင့် အာဆင်နယ်အသင်း ရလဒ်ပိုင်းကျဆင်းသွားခဲ့သလို ကြားရက်က ချန်ပီယံလိဂ်ပွဲမှာလဲ အင်တာမီလန်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဒီကလန်ရိုက်မပါနိုင်တဲ့ ကွင်းလယ်က ခံစစ်၊ တိုက်စစ် လိုက်မကူနိုင်တော့ဘဲ နေရာလွတ်တွေဖြစ်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြ အာတီတာအနေနဲ့ ပါတေး၊ မာရင်နိုတို့နဲ့ ကွင်းလယ်ကို တည်ဆောက်ခဲ့ပေမဲ့ အလုပ်မဖြစ်သေးတာကြောင့် နောက်ဆုံးသုံးပွဲမှာ ပရက်စတန်အသင်းကိုသာ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ အာဆင်နယ်အသင်းဟာ ပွဲထွက်လူစာရင်းတောင့်တင်းပေမဲ့ အရန်ကစားသမားစုဖွဲ့မှုကတော့ ချဲလ်ဆီးနဲ့ယှဉ်ရင် လိုအပ်ချက်ရှိနေတာကြောင့် ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ ခက်ခဲမှာသေချာပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံမှုမှာ ရလဒ်တူနေတာကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ဒဏ်ရာရ ပွဲပယ်ကစားသမားနည်းပါးမှုကိုသာ ကြည့်ရမှာဖြစ်လို့ အိမ်ကွင်းကစားပုံကောင်းနေတဲ့ ချဲလ်ဆီးအသင်း ရလဒ်ကောင်းမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ချဲလ်ဆီး |
| ပါနာသီယာကို့ | ၁ | - | ၄ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | ချဲလ်ဆီး |
| မန်ယူ | ၁ | - | ၁ | ချဲလ်ဆီး |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၀ | ရှက်တာဒိုးနက် |
| အာဆင်နယ် | ၂ | - | ၂ | လီဗာပူး |
| ပရက်စတန် | ၀ | - | ၃ | အာဆင်နယ် |
| နယူးကာဆယ် | ၁ | - | ၀ | အာဆင်နယ် |
| အင်တာမီလန် | ၁ | - | ၀ | အာဆင်နယ် |

## ဖရန့်ဖတ်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ်(၁၀) မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စတုဂတ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ အသင်းက ခြေစွမ်းပြတိုက်စစ်မှူး ဂီရက်ဆီ၊ ခံစစ်ကစားသမား အန်တွန်တို့ကို ရောင်းချပြီးနောက်ပိုင်း ကစားပုံတည်ငြိမ်မှု မရှိတော့တာကို တွေ့ရမှာပါ။ ဂီရက်ဆီမရှိတော့တဲ့နောက်ပိုင်း စတုဂတ်တိုက်စစ်ပိုင်းကို အန်ဒက်ဗ် ဦးဆောင်နေပေမဲ့ ရမှတ်ရှာဖွေရမဲ့ ပွဲတွေမှာ အဆုံးအဖြတ်ဂိုးတွေမသွင်းနိုင်ခဲ့လို အမှတ်ပေးပွဲ ကိုးပွဲမှာ ရမှတ် ၁၃ မှတ်သာရခဲ့တာဖြစ်ပါတယ်။ နည်းပြဟိုးနက်စ်ကတော့ နည်းစနစ်ပိုင်းကောင်းတာကြောင့် ပြိုင်ဘက်ကို အစွမ်းကုန်တုံ့ပြန်နိုင်စွမ်းရှိနေပေမဲ့ ကစားသမားတွေရဲ့စွမ်းဆောင်ရည်က နည်းပြရဲ့ကစားပုံကို လိုက်ပါအကောင်အထည်မဖော်နိုင်ဘဲဖြစ်နေလို့ ရလဒ်ပိုင်းဆိုးရွားနေတာကို တွေ့ရမှာပါ။

ဖရန့်ဖတ်အသင်းကတော့ အမှတ်ပေးပွဲ ကိုးပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၇ မှတ်ရခဲ့တာကြောင့် အဆင့်(၃) မှာရောက်ရှိနေတာဖြစ်ပါတယ်။ နည်းပြတော့မိုးလာကတော့ အသင်းကို အကောင်းဆုံးတည်ဆောက်နိုင်ခဲ့ပြီး ၄-၄-၂ ကစားကွက်မှာ မာမောက်နဲ့ အီကီတိုက်ကို တိုက်စစ်မှာ တွဲဖက်အသုံးပြုနေတာကို တွေ့ရမှာပါ။ တိုက်စစ်မှူး မာမောက်ကတော့ ကိုးပွဲမှာ သွင်းဂိုး ၁၀ ဂိုးနဲ့ ဂိုးဖန်တီးမှုခြောက်ကြိမ်အထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့တာကြောင့် စတုဂတ်အသင်းခံစစ်အနေနဲ့ မာမောက်နဲ့ အီကီတိုက်တို့ အတွဲကို မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားမှာသေချာပါတယ်။ ဖရန့်ဖတ်အသင်းကလဲ တိုက်စစ် အသားပေးကစားတဲ့အသင်းဖြစ်တာကြောင့် အခုပွဲမှာ ခံစစ်ကစားပုံ ပြင်ဆင်နိုင်မှသာ စတုဂတ်ကို အသာစီးကနေ ကစားနိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ကိုးပွဲစီနိုင်၊ ငါးပွဲသရေ ထွက်ပေါ်ခဲ့လို့ ရလဒ်တူနေပေမဲ့ ခြေစွမ်းပြကစားသမားနဲ့ တိုက်စစ်ကစားပုံက ဖရန့်ဖတ်အသင်းက အသာရနေတာကြောင့် ဖရန့်ဖတ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၀ | - | ၁ | စတုဂတ် |
| စတုဂတ် | ၂ | - | ၁ | ဟိုစတိန်း |
| စတုဂတ် | ၂ | - | ၁ | ကိုင်ဇာစလော့တန် |
| လေဗာကူဆင် | ၀ | - | ၀ | စတုဂတ် |
| စတုဂတ် | ၀ | - | ၂ | အတ္တလန်တာ |

### ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၀ | အာအက်ဖ်အက် |
| ယူနီယံဘာလင် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | ဂလာဘတ် |
| ဖရန့်ဖတ် | ၇ | - | ၂ | ဘိုချမ် |
| ဖရန့်ဖတ် | ၁ | - | ၀ | ဆလားဗီးယား |

## ဘက်တစ်အသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ် (၁၃) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘက်တစ်နဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ ရာသီအစမှာ ဒဏ်ရာကစားသမားများပြားနေတာကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်နေရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားပုံတည်ငြိမ်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၁၂ ပွဲကစားအပြီးမှာ ငါးပွဲနိုင် ၊ လေးပွဲသရေ ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရခဲ့တာကြောင့် အဆင့်(၇) မှာရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၄-၄-၂ ကစားကွက်နဲ့ တောင်ပံကစားအားကို အသုံးပြုပြီး ပြိုင်ဘက်ကိုဖိအားနိုင်ခဲ့တာကြောင့် နောက်ဆုံးငါးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဘက်တစ်ဟာ အခုရာသီမှာ ထိပ်တန်းအဆင့် ကစားသမားအများအပြား မခေါ်နိုင်ပေမဲ့ အသင်းက ကစားသမားတွေကို ထိန်းသိမ်းနိုင်ခဲ့လို့ ဆဲလ်တာဗီဂိုလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာပါ။

ဆဲလ်တာဗီဂိုအသင်းဟာ အိမ်ကွင်းကစားပုံထက်မြက်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ပုံမှန်ခြေစွမ်းပိုင်းရဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၂ ပွဲအပြီးမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ် ၁၆ မှတ်ရခဲ့ပေမဲ့ နိုင်ပွဲအများစုက အိမ်ကွင်းပွဲစဉ်တွေမှာ ဖြစ်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ ဆဲလ်တာဗီဂို တိုက်စစ်ကို အက်စ်ပက်၊ ဘမ်ဘာ၊ ဒူဗီကက်စ်တို့ ဦးဆောင်နေပေမဲ့ အက်စ်ပက်က သွင်းဂိုးလေးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းဟာ ထိပ်တိုက်တွေ့ဆုံမှုမှာ အပြန်အလှန်ဂိုးတွေနဲ့ အကြိတ်အနယ်ရှိခဲ့ကြပေမဲ့ နောက်ဆုံးတွေ့ဆုံမှုမှာတော့ ဘက်တစ်က နှစ်ဂိုးတစ်ဂိုး နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နှစ်သင်းစလုံး ဒဏ်ရာရ ကစားသမားများပြားနေပေမဲ့ အိမ်ကွင်းကစားပုံနဲ့ ခြေစွမ်းပိုင်းကတော့ ဘက်တစ်က ဆဲလ်တာဗီဂိုအသင်းထက် အသာရနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲမှာ အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဘက်တစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ကိုပင်ဟောဂင် |
| ဘက်တစ် | ၁ | - | ၀ | အေတီကို |
| ဂျီဗိုရာ | ၁ | - | ၆ | ဘက်တစ် |
| ဘီလ်ဘာအို | ၁ | - | ၁ | ဘက်တစ် |

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| လီဂါနက်စ် | ၃ | - | ၀ | ဆဲလ်တာဗီဂို |
| ပက်ထရို | ၁ | - | ၅ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | ဂီတာဖေး |

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |


၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**





## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဠ-၁၁၊ (ဃ)ရပ်ကွက်နေ ဦးမန်းကျော် + ဒေါ်အေးမွန်စိုး **မောင်မင်းခန့်ကျော် (၉/ပကခ(နိုင်)၀၇၈၉၉၀)**သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမန်းကျော် (၉/နထက(နိုင်)၁၆၈၂၆၉)**

**ဒေါ်အေးမွန်စိုး (၉/ပကခ(နိုင်)၀၂၉၉၆၆)**

## ဝန်ထမ်းအမြန်အလိုရှိသည်

| | | |
|---|---|---|
| - ကားပါကင် | အမျိုးသား | (၂)ဦး |
| အချိန် | နံနက် ၁၁ နာရီမှ ည ၈ နာရီထိ | |
| လစာ | (၂၅၀၀၀၀) | |
| - ပန်းကန်ဆေး | အမျိုးသမီး | (၃)ဦး |
| ဆိုင်နေ၊ ဆိုင်စား | | |
| လစာ | (၁၆၀၀၀၀) | |

09-403715646

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နောင်မွန်ကျေးရွာနေ မဟော်ကျူးလန် (ဘ) ဦးဟော်စုတ်ရှမ်း (၁၃/လရန(နိုင်)၀၉၀၈၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၈၂၁၆၈၈၆

## အမည်ပြောင်း

မိုးကုတ်မြို့၊ ကသဲကျေးရွာအုပ်စု၊ ကမ္ဘာအေးရပ်နေ ဦးမိုဟန်၏သား မောင်ဘောက်တာဘာဒူး အား မောင်စိုးသူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုးသူ

(၉/မကန(နိုင်)၁၂၂၂၇၀)

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နယ်နေ နန့်နှင်းဖြူ (ဘ) မန်းရွှေဝင်း (၁၄/မမန(နိုင်)၂၃၇၇၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၀၅၃၉၀၀၀

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိ...**

**❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...**

**❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချာအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajunနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် ယနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

